# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၉ ရက် တနင်္ဂနွေနေ့ | 15, Sunday May 2016 | (၈၅၆၂)


## တရားတို့၌ မွေ့လျော်

တရားတည်းဟူသော အမြိုက်ရေကိုသောက်ရ သူသည် အထူးသန့်ရှင်းကြည်လင်သော စိတ်ဖြင့် ချမ်းသာစွာနေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောအပ်သော (ဗောဓိပက္ခိယ)တရားတို့၌ မွေ့လျော်၏။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၇၉)



## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

**ချင်းပြည်နယ်နှင့် လူငယ်အရေး ဦးစားပေးမယ့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ရက် ၁၀၀ စီမံကိန်း**

စာမျက်နှာ - ၁၅

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်မည်

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုချီမြို့တွင် ၂၀၁၆ ခုနှစ် မေလ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် အာဆီယံ-ရုရှားဆက်ဆံရေး နှစ်(၂၀)ပြည့် ထိပ်သီး အစည်းအဝေးသို့တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဩဝါဒခံယူ

ရန်ကုန် မေ ၁၄

**နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲကို မေ ၁၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာမွေသဘင်၌ ကျင်းပသည်။**

အခမ်းအနားတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ **(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သာသနာရေး ဆိုင်ရာလျှောက်ထားလွှာကို စာမျက်နှာ (၃)တွင် ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော် ဆရာတော်က ဩဝါဒချီးမြှင့်ရာ၌ မိမိတို့သည် သာသနာအတွက် ဆောင်ရွက်ရာတွင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိုသာ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် နိုင်ငံရေးနှင့် နှီးနွှယ်သည့်ကိစ္စရပ်များကို ဆောင်ရွက်ခြင်းမပြုကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ လူဦးရေ ၅၁ သန်းကျော်အနက် ၄၇ သန်းကျော်သော ပြည်သူများသည် ဗုဒ္ဓဘာသာကိုးကွယ်သဖြင့် ကိုးကွယ်သည့် ဒကာ၊ ဒကာမများ၏ ဆန္ဒနှင့် လိုလားချက်များကို သာသနာတော်နှင့် ဒကာ၊

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✱**



ဗန်းမော်ဆရာတော်ကြီးထံမှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဩဝါဒခံယူစဉ်။ (ဓာတ်ပုံ-ရွှေအင်းသားခင်မောင်ဝင်း)




ကြေးမုံ

# လွတ်လပ်သည့် စီးပွားရေးအခင်းအကျင်းလိုသည်

လွတ်လပ်ရေးရပြီး ဆယ်နှစ်လောက် အာရှတစ်လွှားမှာ ထိပ်သီးနိုင်ငံတစ်ခုဖြစ်ခဲ့ရသည့် မြန်မာနိုင်ငံအဖို့ ယနေ့အချိန်မှာ နိုင်ငံသားတို့ ဆင်းရဲမွဲတေမှုမှ သက်သာရာရရေးအတွက်ကိုပင် အတော်ရုန်းကန်ကြရဦးမည့် အခြေအနေဖြစ်သည်။

ပါလီမန်ဒီမိုကရေစီခေတ်နောက်ပိုင်း အစိုးရအဆက်ဆက်၏ လုပ်ပိုင်ခွင့် အလွဲသုံးမှု၊ အလွဲစီမံခန့်ခွဲမှု၊ အဂတိလိုက်စားမှု၊ အခွင့်ထူးခံမှု၊ ကိုယ်ကျိုးစီးပွား အလွန်အမင်းရှာမှုတို့နှင့် နိုင်ငံတွင်းဒီမိုကရေစီဆိတ်သုဉ်းမှုတို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုက ထိပ်ဆုံးပိုင်းမှသည် အောက်ဆုံးတန်းသို့ ကျဆင်းခဲ့ရသည်။

ယနေ့ လက်ရှိအနေအထားက ဒုတ်ဒုတ်ထိရောက်နေသော ဆင်းရဲတွင်းနက်ထဲမှ လွတ်မြောက်ဖို့ဆိုသည်မှာ နေ့ချင်းညချင်း ပြေလည်သွားဖို့ မဖြစ်နိုင်သည်မှာ အထင်အရှား။ ပြည်သူအများစု၏ အခြေခံစားဝတ်နေရေး ပြေလည်ဖို့သည်ပင် မလွယ်ကူလှ။

သည်လိုအခြေအနေမှာ နိုင်ငံ၏စီးပွားရေးပြန်လည်ထူထောင်ဖို့၊ အတော်အသင့်ပြေလည်ဖို့ဆိုသည်မှာ အစိုးရအဖွဲ့သစ်နှင့် နိုင်ငံရေးခေါင်းဆောင်တို့၏ အမြော်အမြင်၊ ပြည်သူလူထု၏ ဝိုင်းဝန်းကြိုးပမ်းမှုတို့အပေါ် အများကြီးမူတည်နေမည် ဖြစ်ပါသည်။ ဤနေရာတွင် လွတ်လပ်ရေးရပြီး အချိန်တိုအတွင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုစသည့် ကဏ္ဍအသီးသီးတို့၌ အရှေ့တောင်အာရှ၏ ထိပ်တန်းနိုင်ငံတစ်ခုအဖြစ် တိုးတက်အောင် ကြိုးပမ်းနိုင်ခဲ့ကြသည့် အတွေ့အကြုံကိုကြည့်လျှင် ပြည်သူလူထု၏ စွမ်းဆောင်ရည်၊ လုံ့လနှင့် အရည်အချင်းတို့က မနိမ့်ကျကြောင်း သိနိုင်ပါသည်။ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်သူလူထု၏ ဝိုင်းဝန်းကြိုးပမ်းမှုလိုအပ်မည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ဤနေရာ၌ နိုင်ငံ့စီးပွားရေး မြင့်မားလာရေးအတွက် ပြည်သူလူထု၏ ဝိုင်းဝန်းကြိုးပမ်းမှုဟု ဆိုနေရသော်လည်း ပြည်သူလူထုဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်နိုင်သည့် အခြေအနေမျိုးရှိသော စီးပွားရေးအာဝါသနှင့် ပတ်ဝန်းကျင်သစ်တစ်ခု မည်မျှတည်ဆောက်ပေးနိုင်သလဲဆိုသည်က မူလလိုအပ်ချက်ဖြစ်ပါမည်။ သည်လိုအပ်ချက်က အစိုးရအဖွဲ့ခေါင်းဆောင်များ၏ ပေါ်လစီပေါ်တွင် လုံးလုံးလျားလျား တည်မှီနေပါသည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုများကို လက်ခံဖိတ်ခေါ်ရမည်မှာ လိုအပ်ချက်ဖြစ်သော်လည်း ပြည်တွင်းမှ အကြီးစား၊ အလယ်အလတ်နှင့် အသေးစား စီးပွားရေးလုပ်ငန်းရှင်တို့အတွက်လည်း ယှဉ်ပြိုင်ထိုးထွင်းလုပ်ကိုင်ရန် အားပေးသည့် ပေါ်လစီဥပဒေ၊ အခွန်အတုပ်စနစ်တို့က ယှဉ်တွဲပြင်ဆင်ပြီးသား ဖြစ်နေဖို့လိုပါမည်။ ပြည်တွင်းလုပ်ငန်းရှင်များအဖို့ ပိုမိုကျယ်ပြန့်ခေတ်မီသော နည်းပညာနှင့် အတွေ့အကြုံတို့ရရှိနိုင်ဖို့ အခွင့်အရေးများ ဖန်တီးပေးဖို့လိုပါမည်။

ထို့ပြင် မည်သို့သော ကုန်သွယ်မှုထုတ်လုပ်မှုတို့ကို ပို၍အထူးအားပေးမလဲ၊ မည်သည့်ကဏ္ဍတို့ကို တိုးမြင့်စေချင်သလဲဆိုသည့် အခြေခံမူဝါဒနှင့်အတူ ပြည်ပရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများထံမှ အခွန်အခနှင့် စီးပွားရေးအကျိုးအမြတ်သက်သက်မျှမကဘဲ ပြည်တွင်းလုပ်ငန်းနှင့် သက်ဆိုင်သောသူများအတွက် နည်းပညာ၊ အတတ်ပညာ၊ လုပ်နည်းကိုင်နည်းနှင့် အတွေ့အကြုံတို့ရရှိနိုင်သည့် အခွင့်အလမ်းများ ဖြစ်ပေါ်ရန်လည်း လိုပါမည်။

ပြည်တွင်းလုပ်ငန်းရှင်များက နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်ပါဝင်သည့် အဓိကမောင်းနှင်အားဖြစ်စေရန် အားပေးသည့် မူဝါဒများ ခိုင်ခိုင်မာမာတည်ရှိဖို့ လိုပါမည်။

အချုပ်ကိုဆိုရလျှင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြိုဆိုရင်း ပြည်တွင်း၌လည်း မျှတလွတ်လပ်သော ယှဉ်ပြိုင်မှုရှိသည့် စီးပွားရေးအာဝါသတစ်ခု ပေါ်ထွန်းဖို့အရေး အလေးထားခြင်းဖြင့် မြန်မာ့စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# အိန္ဒိယရုပ်သေးအကနှင့် မြန်မာ့ရုပ်စုံသဘင် မန္တလေးမြို့တွင် ပူးပေါင်းတင်ဆက်ဖျော်ဖြေ

**မန္တလေး မေ ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံရုံးတို့ပူးပေါင်း၍ မြန်မာ-အိန္ဒိယ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ ခေတ်ပေါ် အိန္ဒိယရုပ်သေးအက၊ မျက်နှာဖုံးတပ်အကနှင့် မြန်မာ့ရုပ်စုံသဘင်ဖျော်ဖြေတင်ဆက်ပွဲကို မေ ၁၃ ရက် ည ၇ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**




အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ အိန္ဒြာဂန္ဒီ အမျိုးသားအနုပညာစင်တာမှ Dadi D.Pudumjee ဦးဆောင်သော အိန္ဒိယ အီရှာရာ ရုပ်သေးပြဇာတ်အဖွဲ့မှ မဟတ္တမဂန္ဒီနှင့် ပတ်သက်သည်များကို စကားပြောခန်းမပါ ခေတ်ပေါ်တေးဂီတနှင့် တွဲဖက်၍ တင်ဆက်သရုပ်ဖော်ခြင်း၊ ကိုယ်ပိုင်ဟန်ဖြစ်သော ရုပ်သေးရုပ်များ၊ မျက်နှာဖုံးများ၊ အရာဝတ္ထုပစ္စည်းများ၊ သရုပ်ဆောင်များနှင့် အကအလှများဖြင့် သရုပ်ဖော် တင်ဆက်သည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) သဘင်ပညာဌာနမှ ပါမောက္ခ ဒေါ်အေးစန္ဒာအောင် ဦးစီးသော သဘင်ပညာ ကျောင်းသား ကျောင်းသူများက မြန်မာ့ရုပ်စုံသဘင်ဖြင့် တင်ဆက်သည်။

ဖျော်ဖြေပွဲသို့ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇော၊ မန္တလေးမြို့ အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် ဒေါက်တာ နာဒါလ်ကူးမား၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးညွန့်ဝင်းနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ သဘင်ပညာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

မြန်မာ-အိန္ဒိယ ရုပ်သေးတင်ဆက်မှုအပြီးတွင် အိန္ဒိယရုပ်သေးပြဇာတ်အဖွဲ့နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဖျော်ဖြေတင်ဆက်သူများအား မန္တလေးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောနှင့်အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် ဒေါက်တာ နာဒါလ်ကူးမားတို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ဆိပ်ဖြူမြို့နယ် တဲကြီးကျေးရွာ၌ အပူဒဏ်ကာကွယ်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး

**ဆိပ်ဖြူ မေ ၁၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် တဲကြီးကျေးရွာတွင် အယ်နီညိုရာသီဥတု အပူဒဏ်ကာကွယ်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး လုပ်ငန်းများကို ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မေ ၁၄ ရက် နံနက်ပိုင်းက တဲကြီးကျေးရွာ မူလတန်းလွန်ကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် အယ်နီညိုရာသီဥတုတွင် တွေ့ကြုံရမည့် အပူဒဏ်ကြိုတင်ကာကွယ်ရေး၊ ကမ္ဘာ့စားသုံးသူများနေ့ဖြစ်ပေါ်လာရခြင်းနှင့် စားသုံးသူအကာအကွယ်ပေးရေး၊ စံမမီသည့်စားသုံးဆီများအကြောင်း၊ အာဟာရတန်ဖိုးနည်းပါးသည့် မုန့်များအကြောင်း၊ တာရှည်ခံဓာတုဆေးဝါးများ အသုံးပြု၍ ဆောင်ရွက်ထားသည့် အစားအသောက်များ အန္တရာယ်ကင်းဝေးရေး နည်းလမ်းများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့သည်။ အခမ်းအနားသို့ တက်ရောက်လာကြသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသပေးထားသည့် အပူဒဏ်ကာကွယ်ရေး အသိပညာပေး နံရံကပ်ပိုစတာနှင့် နယ်လှည့်စာကြည့်တိုက်မှ စာအုပ်၊ စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**စိုးလင်းနိုင်(IPRD)**



# ကင်းထောက်လူငယ် သင်တန်းဖွင့်

**အိမ်မဲ မေ ၁၄**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကင်းထောက်လူငယ် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက(အိမ်မဲ) ရွှေညီလာခန်းမ၌ ယနေ့ နံနက် ၉ နာရီက ကျင်းပရာ ကျောင်းသူတစ်ဦးက ပုပ္ပါးကင်းထောက်လူငယ်စခန်း အတွေ့အကြုံများကို ရှင်းလင်းခဲ့သည်။

ကျောင်းသားလူငယ်များ အနာဂတ်ကာလတွင် တာဝန်သိသော၊ တာဝန်ရှိသော ထူးချွန်ထက်မြက်သူများ ဖြစ်ပေါ်လာစေရေးအတွက် ဖွင့်လှစ်သော အဆိုပါ ကင်းထောက်လူငယ် သင်တန်းကို မေ ၁၄ ရက်မှ ၁၆ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၁၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ငြိမ်းချမ်းညီညွတ်စွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို ရှေးရှုလျက် နိုင်ငံတော်ငြိမ်းချမ်းဖွံ့ဖြိုးအောင် ကြိုးပမ်းသွားမည်

ရန်ကုန် မေ ၁၄

**နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်လျှောက်ထားခဲ့သည့် သာသနာရေးဆိုင်ရာ လျှောက်ထားလွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသည့် နိုင်ငံတော်သံဃမဟာ နာယက ဆရာတော်ကြီးများဘုရား-**

သာသနာတော်သုံးရပ် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးဂရုပြုတော်မူကြပြီး သိက္ခာတော်သုံးရပ် အကျင့်မြတ်ကို မပြတ်ဆည်းပူး အားထုတ်တော်မူလျက်ရှိကြသည့် သက်တော်ရှည် သာသနာ့ဦးသျှောင် ဆရာတော်ကြီးများအား လာရောက်ဖူးမြော်ဆည်းကပ်ကြည်ညိုခွင့်ရရှိပါသဖြင့် စိတ်နှလုံးကြည်နူး အထူးဝမ်းမြောက်၍ ကုသိုလ်တရားဖြစ်ပွားရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါသည်ဘုရား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်သည် ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစတင်ပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းလက်ခံ၍ ငြိမ်းချမ်းစည်ပင်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန် ကြိုးပမ်းအားထုတ်လျက်ရှိကြပါသည်ဘုရား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ ကိုးကွယ်မှုဘာသာဝင်ပေါင်းစုံတို့ဖြင့် ပေါင်းစုဖွဲ့စည်းထားသည်နှင့်လျော်ညီစွာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော တိုင်းရင်းသားကိုယ်စားလှယ်များက ပြည်သူလူထုအများစု၏ ဆန္ဒနှင့်အညီ ငြိမ်းချမ်းစည်ပင်ဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတော်ကို တည်ဆောက်ရန် သန္နိဋ္ဌာန်ချမှတ်ကြပြီး ဖြစ်ပါသည်ဘုရား။ ပြည်သူလူထု၏ အရွေးချယ်ခံအစိုးရအဖွဲ့သစ်အနေဖြင့် နိုင်ငံအတွင်းရှိ တိုင်းရင်းသားမျိုးစုံ၊ ကိုးကွယ်မှုဘာသာဝင်မျိုးစုံတို့၏ ဓမ္မနှင့်လျော်ညီ၍ သမာသမတ်ကျသော ဆန္ဒနှင့် မျှော်မှန်းချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီပေးရန် တာဝန်ရှိနေပါသည်ဘုရား။

ပိဋကတ်တော်စာပေ၌ မင်းအစိုးရတို့ လိုက်နာကျင့်ဆောင်ရမည့် ဒါန၊ သီလအစရှိသော မင်းကျင့်တရားဆယ်ပါး (ဒသ ရာဇဓမ္မ)တွင် အထူးကျင့်ဝတ်တစ်ခုဖြစ်သည့် “ရဟန်းရှင်လူပြည်သူလူထုနှင့် မဆန့်ကျင်ရခြင်း” (အဝိရောဓနကျင့်ဝတ်) ကို အစိုးရအဖွဲ့အနေဖြင့် အစွမ်းနိုင်ဆုံးဖြည့်ဆည်းပေးနိုင်ရန် တာဝန်လည်းရှိနေပါသည်ဘုရား။ ထိုတာဝန်ကို ဖြည့်ဆည်းပေးနိုင်မည်ဆိုပါလျှင် နိုင်ငံသားအားလုံး မျှော်မှန်းလျက်ရှိကြသည့် အမျိုးဘာသာ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ကို တစ်ပြိုင်နက်တည်း ထမ်းဆောင်ရာရောက်သည်ဟု မှတ်ယူထားကြပါသည်ဘုရား။

ဘုရားတပည့်တော်တို့သည် မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ ပေါက်ဖွားဆင်းသက်လာသော ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ မြတ်ဗုဒ္ဓ၏ အနှိုင်းမဲ့အဆုံးအမတော်တို့ကို အစွမ်းနိုင်ဆုံး လိုက်နာကျင့်သုံးလျက်ရှိသည့် ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါသည်ဘုရား။ မြတ်ဗုဒ္ဓဒေသနာတော်များသည် အစအလယ်အဆုံး ကောင်းကျိုးနှင့် ပြည့်စုံညီညွတ်ကြောင်း ကိုယ်တိုင်ခံစားသိရှိမှတ်သားထားပါသည်ဘုရား။ အမှန်တကယ် လိုက်နာကျင့်ဆောင်သူတစ်ဦးအတွက် အခြေခံအကျဆုံး ဒါန၊ သီလ စသည့် လူ့လောက ဘဝနေနည်းမှအစ တစ်ကိုယ်ရေဘဝ အေးချမ်းသာယာရေး လက်တွေ့သမထကျင့်စဉ်နှင့် ဘဝအမြင် ထွင်းဖောက်ရှုမြင်ရေး လက်တွေ့ဝိပဿနာကျင့်စဉ်တို့၏ ကောင်းကျိုးများသည် ဗုဒ္ဓဘာသာဝင်များ၏ ဘဝမှီခိုအားထားရာ အကောင်းဆုံးနှင့် အမွန်မြတ်ဆုံးတရားများဖြစ်ကြောင်း လက်တွေ့ခံစား သိရှိခဲ့ရပါသည်ဘုရား။

မြတ်ဗုဒ္ဓဒေသနာတော်လာ မေတ္တာ-ကရုဏာ-မုဒိတာ-ဥပေက္ခာ ဟုဆိုသော ဗြဟ္မစိုရ်တရားလေးပါးသည် သက်ရှိလောကတစ်ခုလုံးကို တစ်ပြေးညီဖြစ်စေရန် ထိန်းညှိတည့်မတ်ပေးသော တရားများဖြစ်၍ ထိုဗြဟ္မစိုရ်တရားလေးပါးကို လက်တွေ့ကျင့်သုံးခြင်းဖြင့် အမျိုးဇာတ်ခွဲခြားခြင်း၊ အသားအရောင်ခွဲခြားခြင်း၊ မိတ်ဆွေရန်သူ ခွဲခြားခြင်း၊ ယုံကြည်မှုအယူဝါဒ ခွဲခြားခြင်း စသည်တို့အပေါ် ကောင်းစွာချဉ်းကပ်မှုပြုနိုင်ပါသဖြင့် မြတ်ဗုဒ္ဓ၏ ဗြဟ္မစိုရ်ကျင့်စဉ်တရားတော်သည် လူ့လောကကြီးအတွက် လွန်စွာ အားကိုးမြတ်နိုးဖွယ်ဖြစ်ကြောင်း ခံစားနိုင်ပါသည်ဘုရား။ အစိုးရအဖွဲ့အနေဖြင့် ဘုရားရှင်၏ အဆုံးအမ ဗြဟ္မစိုရ်ကျင့်စဉ်အခြေခံဖြင့် မြန်မာနိုင်ငံတော်၏ အမျိုးဘာသာ သာသနာအကျိုးစီးပွားကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ခံယူထားပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။ ယင်းဗြဟ္မစိုရ်ကျင့်စဉ်ကိုပင် အခြေခံလျက် တရားဥပဒေစိုးမိုးရေး၊ တန်းတူညီမျှရေး၊ အဂတိလေးပါး လိုက်စားမှုကင်းရှင်းရေး၊ လူတိုင်း၏ မွေးရာပါအခွင့်အရေးများ မဆုံးရှုံးရစေရေး စသည်တို့ ထွန်းကားလာအောင် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ အမြဲကြိုးပမ်း ထမ်းဆောင်သွားကြမည်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်မှု အများဆုံးဖြစ်သော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်ဘုရား။ နိုင်ငံအတွင်း မြန်မာလူမျိုးများအပါအဝင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကိုးကွယ်ရာဘာသာဝင် အသီးသီးအားလည်း ဗြဟ္မစိုရ်ကျင့်စဉ်ဖြင့် ကူညီအားပေးစောင့်ရှောက်ရန် တာဝန်ရှိသည်ဟု ယုံကြည်ထားပါသည်ဘုရား။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအချင်းချင်း၊ ကိုးကွယ်ရာဘာသာ အယူဝါဒရှိသူအချင်းချင်းတို့အကြားတွင် ယုံကြည်ခြင်း၊ စာနာနားလည်ခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ အကျိုးလိုလားခြင်းတို့ကိုအခြေခံလျက် အေးချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်ခွင့်ရှိကြမှသာလျှင် အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်ကြမှာ ဖြစ်ပါသည်ဘုရား။ ဘာသာဝင်အသီးသီးတို့အနေဖြင့်လည်း မိမိတို့ဘာသာ၏ စစ်မှန်ငြိမ်းချမ်းသော အဆုံးအမများကို လိုက်နာကျင့်သုံးနေထိုင်ကြပြီး ငြိမ်းချမ်းညီညွတ်စွာ အတူယှဉ်တွဲနေထိုင်နိုင်ရေးကို ရှေးရှုလျက် နိုင်ငံတော် ငြိမ်းချမ်းဖွံ့ဖြိုးအောင် ကြိုးပမ်းသွားမည်ဖြစ်ပါသည်ဘုရား။

**နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများဘုရား -**

၁၉၈၀ ပြည့်နှစ်တွင် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကို အောင်မြင်စွာကျင်းပခဲ့ပြီးနောက် ထိုကာလမှစတင်၍ ငါးသိန်းကျော်ရှိသော သံဃာထုကိုယ်စားဖွဲ့စည်းထားသည့် နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တို့က တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ သံဃနာယကအဖွဲ့များကို ဦးဆောင်မှုပေးလျက် “သံဃာ့ကိစ္စ သံဃာဆောင်ရွက်ရေးမူ”ဖြင့် ယနေ့ထက်တိုင် သံဃာ့အဖွဲ့ကြီးကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်မှာ အားရ ဂုဏ်ယူဖွယ် သမိုင်းမှတ်တိုင်ကြီးဖြစ်ပါသည်ဘုရား။ နိုင်ငံတော်တစ်ဝန်းလုံးရှိ သံဃာထုကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးက ဦးဆောင်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကိစ္စများကို ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် မဆန့်ကျင်စေဘဲ ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်လျက်ရှိသဖြင့်လည်း စင်စစ်အားဖြင့် မြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အတိုင်းအတာတစ်ရပ်အထိ အထောက်အကူပြုလျက်ရှိသည်ဟု မှတ်ယူကြရပါသည်ဘုရား။

ဘုရားတပည့်တော်တို့ အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူဆောင်ရွက်ခွင့်ရရှိသည့်ကာလအတွင်း နိုင်ငံတော်ဖွံ့ဖြိုးမှု၌ ထင်သာမြင်သာရှိသော တိုးတက်မှုတစ်စုံတစ်ရာ ပြသနိုင်လိမ့်မည်ဟု မမှိတ်မသုန် ယုံကြည်ပါကြောင်းနှင့် ယင်းတိုးတက်ဖြစ်ထွန်းမှုကို ကြည့်ရှုလျက် ပြည်သူပြည်သားအားလုံး၏ “သာဓု”အကြိမ်ကြိမ်ခေါ်သံကို ဝမ်းမြောက်ရွှင်လန်းစွာ နာကြားခွင့်ရရှိအောင် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအားထုတ်သွားကြမည်ဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ဘုရားတပည့်တော်တို့အနေဖြင့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ခွင့်ကြုံတုန်းအခိုက်တွင် ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ပြန့်ပွားရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူအားလုံး အစဉ်ထာဝရ စည်းလုံးညီညွတ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော် ကြီးပွားတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း လိုအပ်သောဩဝါဒများကို အချိန်အခါမရွေး ချီးမြှင့်ပေးနိုင်ပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည်ဘုရား။ **(သတင်းစဉ်)**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)နှင့် စာပေဗိမာန်စာအုပ်ဆိုင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ် (၂၂/၂၄) ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)သို့ သွားရောက်ပြီး ရန်ကုန်အနောက်ပိုင်းခရိုင် ပညာအလင်းခေတ်မီစာကြည့်တိုက်၏ ကလေးစာဖတ်ခန်း၊ ရည်ညွှန်း စာဖတ်ခန်း၊ အများပြည်သူစာဖတ်ခန်း၊ အင်တာနက်ခန်း၊ သင်တန်းခန်းမနှင့် ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ရုံးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်သည်လမ်းနှင့် (၃၇) လမ်းထောင့်ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်ကို လှည့်လည်ကြည့်ရှုပြီး **(အပေါ်ယာပုံ)** စာအုပ်အရောင်းဆိုင် တိုးချဲ့မြှင့်တင်ရေးနှင့် စာအုပ်များကို စနစ်တကျထားရှိရေးတို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စာပေဗိမာန် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ၊ စာပေဗိမာန်စာအုပ်ဆိုင် တိုးချဲ့မြှင့်တင်ရေးနှင့် စာအုပ်စာတမ်းများ အစုံအလင်ထားရှိရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် စာပေဗိမာန် စာတည်းမှူးချုပ်က စာပေဗိမာန်ဖွဲ့စည်းပုံနှင့် စာပေဗိမာန်ထုတ်စာအုပ်များ ထုတ်ဝေရောင်းချမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စာပေဗိမာန်စာမူဆုနှင့် စာပေဆုရွေးချယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မြန်ဆန်ဆန် လုပ်ဆောင်ရေး၊ စာအုပ်ထုတ်ဝေသူက မိမိစာအုပ်ရောင်းရမှုကိုသိနိုင်ရန် ဝက်ဘ်ဆိုက်တစ်ခုထားရှိရေး၊ ပြည်ပ ပညာရှင်များခေါ်ယူပြီး စာအုပ်လောက ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး၊ စာအုပ်များကို အများပြည်သူ ပိုမိုစိတ်ဝင်စားပြီး ဖတ်ချင်စဖွယ်ဖြစ်အောင် ပုံနှိပ်ထုတ်ဝေရေး၊ စာပေဆုရွေးချယ်ရာတွင် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ တစ်နှစ်အတွင်းထုတ်ဝေသော စာအုပ်များကိုသာ စဉ်းစားရွေးချယ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# သောက်သုံးရေခက်ခဲနေသော ပြည်သူများအတွက် နေ့စဉ်ရေလှူဒါန်း

**ပဲခူး မေ ၁၄**

ပဲခူးမြို့နယ် ဘုရားကြီးမြို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သန္နေတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ပဲခူးမြို့နယ် ဒေးစွန်ပါတောင်ခြေရှိ သောက်သုံးရေခက်ခဲလျက်ရှိသော ဘုန်းတော်ကြီးကျောင်းများ၊ ဝေါမြို့နယ်ရှိ ရေအခက်အခဲဖြစ်နေသော ကဒွတ်ကျေးရွာ၊ နောင်ချမ်းကျေးရွာများသို့ နေ့စဉ်ရေလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**သီဟရာဇာ(ဘုရားကြီး)**

# အလုံမြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းလုပ်အားပေး

**ရန်ကုန် မေ ၁၄**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ် ရဲမှူးထွန်းရွှေ၊ စခန်းမှူး ဒုရဲမှူးတင်လှနှင့် အရာရှိ အရာခံ အကြပ်တပ်သားများသည် ယနေ့နံနက်ပိုင်းမှ စတင်ကာ အလုံမြို့နယ် အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက်ရှိ ကျောင်းဆောင်ပြုပြင်ရာသို့ တစ်ရက်တာ လုပ်အားဒါန ပေးလှူကြကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

# လေထုညစ်ညမ်းမှုအဆင့်အဆိုးရွားဆုံးမြို့ကြီး ၁၀ မြို့တွင် အိန္ဒိယနိုင်ငံမှ မြို့လေးမြို့ပါဝင်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဖော်ပြ

**နယူးဒေလီ မေ ၁၄**

ကမ္ဘာတစ်ဝန်းလုံးရှိလေထုညစ်ညမ်းမှုအဆင့်အဆိုးရွားဆုံးမြို့ကြီး ၁၀ မြို့ တွင် အိန္ဒိယနိုင်ငံမှ မြို့လေးမြို့ပါဝင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်သော အစီရင်ခံစာတွင်ဖော်ပြသည်။


အိန္ဒိယနိုင်ငံ မက်ဒရာပရာဒက်ရှ်၊ အူတာပရာဒက်ရှ်၊ ဘီဟာနှင့်ချာတီဂ့်ပြည်နယ်များမှ ဂွာလီယာ၊ အလာဟာဘတ်၊ ပတ္တနားနှင့်ရေပူမြို့များသည် လေထုညစ်ညမ်းမှုအဆင့် အမြင့်မားဆုံးမြို့များဖြစ်ကြသည်။

အိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီမှာမူ လေထုညစ်ညမ်းမှုအဆင့်အမြင့်ဆုံးမြို့ကြီးများစာရင်းတွင် အမှတ်စဉ် (၁၁) ၌ တည်ရှိနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၎င်း၏နောက်ဆုံးအစီရင်ခံစာကို မေ ၁၂ ရက်တွင်ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာတစ်ဝန်း၌ လေထုညစ်ညမ်းမှုအမြင့်မားဆုံးမြို့များမှာ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်နေသည့်နိုင်ငံများ၌ တည်ရှိသည်ကို လေ့လာဆန်းစစ်မှုများက ပြသနေကြောင်းဖော်ပြသည်။

ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှုအဆိုးရွားဆုံးအဆင့်ဖြင့် မှတ်တမ်းဝင်သည့်မြို့မှာ အီရန်နိုင်ငံအရှေ့ပိုင်းရှိ ဇာဘိုးမြို့ဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ဂွာလီယာနှင့်ပတ္တနားမြို့တို့မှာ အဆင့် ၂ နှင့်အဆင့် ၃ တို့တွင် ရှိနေသည်။

လေထုအတွင်းညစ်ညမ်းစေသောအရာများ တိုးပွားများပြားလာခြင်းကြောင့် ယင်းသို့သောမြို့ကြီးများသည် နေထိုင်ကြသူများအနေဖြင့် လေသင်တုန်းဖြတ်ရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ကင်ဆာရောဂါနှင့် ပန်းနာရင်ကျပ်ရောဂါအပါအဝင် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားမှုနှုန်းမြင့်မားလာနေရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံပေါင်း ၁၀၃ နိုင်ငံမှ မြို့ကြီးမြို့ငယ်နှင့်ကျေးရွာပေါင်း ၃၀၀၀ ခန့်တွင် လေထုအရည်အသွေးစစ်ဆေးတိုင်းတာမှု များပြုလုပ်ခဲ့ပြီးနောက် ယင်းအစီရင်ခံစာကို ထုတ်ပြန်ခြင်းဖြစ်သည်။

**ဆင်ဟွာ။**





မော်စကိုမြို့ရှိ အာရ်ဘီစီမီဒီယာအုပ်စုအဆောက်အအုံကို တွေ့ရစဉ်။

# သမ္မတပူတင်အစိုးရအဖွဲ့နှင့် ပနားမားစာရွက်စာတမ်းအရှုပ်တော်ပုံ ဆက်စပ်သည်ဟု သတင်းရေးသားခဲ့မှုကြောင့် အာရ်ဘီစီမီဒီယာအုပ်စု အကြီးအကဲသုံးဦး ရာထူးမှနုတ်ထွက်

**မော်စကို မေ ၁၄**

ရုရှားသမ္မတ ဗလာဒီမာပူတင်အစိုးရအဖွဲ့သည် ပနားမားစာရွက်စာတမ်း အရှုပ်တော်ပုံနှင့် ဆက်စပ်မှုရှိသည်ဟု ရုရှားမီဒီယာအုပ်စုRosBusinessConsulting(အာရ်ဘီစီ) က သတင်းဖော်ပြခဲ့ပြီးနောက် ယင်းသတင်းဌာနအကြီးအကဲသုံးဦး ရာထူးမှ နုတ်ထွက်သွားခဲ့ကြောင်း သတင်းများအရသိရသည်။

အထက်ပါကိစ္စနှင့်ပတ်သက်ပြီး အာရ်ဘီစီမီဒီယာအုပ်စုအကြီးအကဲအပါအဝင် အာရ်ဘီစီသတင်းဌာန၏ စီးပွားရေးသတင်းစာနှင့် သတင်းအေဂျင်စီများ၏ အယ်ဒီတာချုပ်နှစ်ဦးသည် ရာထူးမှ နုတ်ထွက်သွားခဲ့ကြောင်း အာရ်ဘီစီသတင်းဌာနက မေ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

သမ္မတပူတင်အစိုးရအဖွဲ့၏စီနီယာအရာရှိတစ်ဦး၏ ဆွေမျိုးများသည် အခွန်ရှောင်ထားသော အကျိုးတူစီးပွားရေးလုပ်ငန်းတစ်ရပ် ပိုင်ဆိုင်ထားသည်ဟု မကြာသေးမီက သတင်းပေါက်ကြားခဲ့သည့် ပနားမားစာရွက်စာတမ်းပါအချက်အလက်များကို ကိုးကားပြီး အာရ်ဘီစီမီဒီယာအုပ်စု၏ စီးပွားရေးသတင်းစာတွင် ဖော်ပြခဲ့သည်။ သမ္မတပူတင်အစိုးရအဖွဲ့နှင့် ရုရှားစီးပွားရေးလုပ်ငန်းရှင်များအကြား ဆက်သွယ်မှုများ ရှိသည်ဟုလည်း သတင်းစာတွင် ထင်ကြေးပေးဖော်ပြခဲ့ကြောင်း သိရသည်။

ရုရှားလုံခြုံရေးအာဏာပိုင်များက အာရ်ဘီစီမီဒီယာအုပ်စုကို ကုန်စည်လိမ်လည် ရောင်းဝယ်ရေးနှင့် ပတ်သက်ပြီး သက်ဲမကင်းမှုဖြင့် စုံးစမ်းစစ်ဆေးလျက်ရှိသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး အယ်ဒီတာချုပ်များ ရာထူးမှ နုတ်ထွက်သွားခြင်းသည် အစိုးရကမည်သည့်ဖိအားမျှ ပေးခြင်းမရှိခဲ့ကြောင်း သမ္မတ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပီစ်ကိုဗ်က ရုရှားမီဒီယာများကို ပြောကြားသော်လည်း မော်စကိုသတင်းထောက်များအဖွဲ့အကြီးအကဲက အစိုးရ၏ဖိအားပေးမှုများကြောင့် ဖြစ်နိုင်ဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။

ပနားမားစာရွက်စာတမ်းဆိုင်ရာအချက်အလက်များပေါက်ကြားမှုသည် အကြီးမားဆုံးသော သတင်းအချက်အလက်ဆိုင်ရာ ပေါက်ကြားမှုတစ်ခုဖြစ်ကြောင်း နိုင်ငံတကာစူးစမ်းလေ့လာရေး သတင်းထောက်များအဖွဲ့ (အိုင်စီအိုင်ဂျေ) ကဆိုသည်။

ယင်းပနားမား စာရွက်စာတမ်းအချက်အလက်များသည် ဂျာမန်သတင်းစာတစ်စောင်ဖြစ်သည့် Sueddeutsche Zeitung ကို ကနဦးစတင် ပေါက်ကြားခဲ့ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**

# စစ်သွေးကြွအဖွဲ့ တစ်ဖွဲ့၏ လက်ချက်ဖြင့် ထိပ်တန်းတပ်မှူးသေဆုံးရဟု ဟစ်ဇ်ဘိုလာပြောကြား

**ဘေရွတ် မေ ၁၄**

ဒမတ်စကတ်မြို့တွင် မေ ၁၃ ရက်က ဖြစ်ပွားသည့်တိုက်ခိုက်မှုတစ်ရပ်တွင် သေဆုံးသွားသည့် ဟစ်ဇ်ဘိုလာ ထိပ်တန်းတပ်မှူး မူစတာဖာ အာဒရက်ဒင်း၏ရုပ်အလောင်းကို လက်ဘနွန်နိုင်ငံဘေရွတ်မြို့တောင်ပိုင်းရှိ ၎င်းအဖွဲ့အင်အား တောင့်တင်းသည့် ဒေသတွင် စစ်အခမ်းအနားဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်အနီးရှိ ဟစ်ဇ်ဘိုလာအဖွဲ့၏အခြေစိုက်စခန်းတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း စုံစမ်းစစ်ဆေးမှုများအရ သိရှိရပြီး ယင်းစခန်းမှာတပ်မှူး မူစတာဖာဘာဒရက်ဒင်း ဦးဆောင်သည့် စခန်းဖြစ်ကြောင်း၊ အဆိုပါဒေသအတွင်းရှိ တာ့ခ်ဖီရီ အမည်ရှိစစ်သွေးကြွအဖွဲ့က အဆိုပါစခန်းကို ပစ်မှတ်ထားကာ အမြောက်ဖြင့်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့၏ ကြေညာချက်တွင်ပါရှိသည်။



သဘောထားတင်းမာသော ဆွန်နီမွတ်စလင်လက်နက်ကိုင်စစ်သွေးကြွအဖွဲ့က ၎င်းတို့အဖွဲ့အား တာ့ခ်ဖီရီ ဟူသောစကားလုံးဖြင့် ရည်ညွှန်းသုံးစွဲသည်။ ဟစ်ဇ်ဘိုလာအဖွဲ့သည် ဆီးရီးယားသမ္မတ ဘာရှာ အယ်လ်အာဆတ်အား ထောက်ခံမှုပြုပြီး ဆီးရီးယားနိုင်ငံတွင်းရှိ အိုင်အက်စ်အဖွဲ့နှင့် အယ်လ်ခိုင်ဒါအဖွဲ့၏ လက်အောက်ခံ နူဆရာတပ်ဦးအဖွဲ့ကဲ့သို့သော ဆွန်နီစစ်သွေးကြွများအား တိုက်ခိုက်နေသည့်အဖွဲ့လည်းဖြစ်သည်။

ဆီးရီးယားပြည်တွင်း၌ ဖြစ်ပွားခဲ့သောလက်နက်ကိုင် တိုက်ပွဲများအတွင်း ဟစ်ဇ်ဘိုလာစစ်သွေးကြွအဖွဲ့ဝင်တိုက်ခိုက်ရေးသမား ၁၂၀၀ ခန့် သေဆုံးခဲ့ကြောင်း ခန့်မှန်းရသည်။

**ဆင်ဟွာ။**

# ရိုမေးနီးယားနိုင်ငံ၌ အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်မှု သမ္မတပူတင်သတိပေး

**မော်စကို မေ ၁၄**

မေ ၁၂ရက်က ရိုမေးနီးယားနိုင်ငံအတွင်း ဖြန့်ကြက်ခဲ့သည့် အမေရိကန်ဒုံးကျည်ကာကွယ်ရေးစနစ်သည် ရုရှားနှင့်အနီးတစ်ဝိုက်ဒေသအခြေအနေကို ရှုပ်ထွေးစေခဲ့ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ယနေ့ပြောကြားသည်။

Aegis Ashore ဒုံးကျည်ကာကွယ်ရေးစနစ်သည် ရုရှားနိုင်ငံကို ဦးတည်ပြီး ဖြန့်ကြက်ထားခြင်း မဟုတ်ဘဲ ကာကွယ်ရေးအတွက်သာဖြန့်ကြက်ထားခြင်းဖြစ်သည်ဟု အမေရိကန်ပြည်ထောင်စုက ပြောဆိုသော်လည်း ရိုမေးနီးယားနိုင်ငံအတွင်း ယခုဒုံးကျည်ကာကွယ်ရေးစနစ်ဖြန့်ကြက်မှုမှာ အရှေ့ဥရောပဒေသသို့ အမေရိကန်၏ မဟာဗျူဟာနျူကလီးယားလက်နက် ရွှေ့ပြောင်းလာဖွယ်အလားအလာရှိနိုင်ကြောင်း ပူတင်က ဆိုသည်။

ဒုံးကျည်ကာကွယ်ရေးစွမ်းပကားဖွံ့ဖြိုးစေရေးအတွက် တည်ဆောက်ပြုပြင်ရန် နေတိုးအဖွဲ့၏ အစီအစဉ်တစ်ရပ်အရ အဆိုပါဒုံးကျည်ကာကွယ်ရေးစနစ်ကို မေ ၁၂ရက်က ရိုမေးနီးယားနိုင်ငံ၌ ဖြန့်ကြက်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဒုတိယမြောက်ဒုံးကျည်ရန်ကာကွယ်ရေးစခန်းတစ်ခုကိုလည်း မေ ၁၃ရက်က ပိုလန်နိုင်ငံတွင် စတင်တည်ဆောက်နေပြီဖြစ်သည်။

ရိုမေးနီးယားနှင့်ပိုလန်နိုင်ငံအတွင်း ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်မည့် နေရာများကို တာတိုပစ်နှင့် တာလတ်ပစ်ဒုံးကျည်များပစ်ခတ်မှုအတွက် အသုံးပြုနိုင်ပြီး ရုရှားနိုင်ငံအတွက် နောက်ထပ်ခြိမ်းခြောက်မှုအသစ် တစ်ခုဖြစ်ရုံသာမက ၁၉၈၇ ခုနှစ်က ရုရှားနှင့်အမေရိကန်အကြား လက်မှတ်ရေးထိုးခဲ့သည့် တာလတ်ပစ်ဒုံးကျည်ဆိုင်ရာ သဘောတူညီချက် စာချုပ်ကိုပါ ချိုးဖောက်ရာ ရောက်နိုင်သည်။ ထို့ကြောင့် ရုရှားအနေဖြင့် အမျိုးသားလုံခြုံရေးအပေါ် ခြိမ်းခြောက်မှုဟုသမျှကို လက်တုံ့ပြန်သွားမည်ဖြစ်သည်ဟု ပူတင်က သတိပေးပြောကြားသည်။

ရုရှားနိုင်ငံအနေဖြင့် ကာကွယ်ရေးဆိုင်ရာကြီးမားသည့် အပြောင်းအလဲကို ကာကွယ်ဟန့်တားနိုင်ရေးအတွက် လိုအပ်သည့်လုပ်ဆောင်ချက်များကို လုပ်ဆောင်ထားရမည်ဖြစ်သည်ဟု ပူတင်က ပြောကြားသည်။

**ဆင်ဟွာ။**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

**✱ ရှေ့ဖုံးမှ**

ဒကာမများ၏အရေးအတွက် ဆောင်ရွက်ပေးရခြင်းလည်းရှိကြောင်း၊ ဒကာမကြီး၏ နှစ်သစ်ကူးမိန့်ခွန်းတွင်ပြောခဲ့သော ဒကာမကြီး၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သည့်စကားလေးကို မိမိတို့လည်း အလွန်နှစ်ခြိုက်ပါကြောင်း၊ ယင်းမှာ နိုင်ငံကို မေတ္တာ၊ သစ္စာနှင့် အုပ်ချုပ်မည်ဆိုသည့် စကားဖြစ်ကြောင်း။

မင်းကောင်းမင်းမြတ်တို့မည်သည် ပြည်သူပြည်သားများ၏အကျိုးကို ဆောင်ရွက်ရာ၌ ရင်ဝယ်သားကဲ့သို့ မေတ္တာထားပြီး နိုင်ငံတော်၏ အကျိုးစီးပွားအတွက် နိုင်ငံတော်ကို စောင့်သိရှိသေရန် အထူးလိုအပ်ကြောင်း။

ဒကာမကြီး၏ နှစ်သစ်ကူးမိန့်ခွန်းတွင် ပြောသည့်အတိုင်း နိုင်ငံကို မေတ္တာ၊ သစ္စာနှင့် အုပ်ချုပ်မည်ဆိုထားသဖြင့် အတိုင်းထက်အလွန်ဖြစ်ကြောင်း၊ အခုပဲ အစိုးရသစ်လွှဲပြောင်းပြီး လပိုင်းမျှအကြာ ဒကာမကြီးကိုယ်တိုင်လာပြီး မိမိတို့၏ ဩဝါဒကို နာခံသည်ဆိုသည်မှာ မြန်မာနိုင်ငံရှိ ၈၈ ရာခိုင်နှုန်းကျော်သော ဗုဒ္ဓဘာသာအများက ဒကာမကြီးအပေါ် ချစ်ခင်အားကိုး ယုံကြည်မှုပိုလာကြမည်ဖြစ်ကြောင်း။

ဘာသာသာသနာဆိုသည်မှာ ဘုရင်မင်းတို့က ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ပါမှ တိုးတက်စည်ပင်ဖွံ့ဖြိုးသည်ကို သမိုင်းကြောင်းအရ သိရှိပြီး ဒကာမကြီးလည်း အလားတူစွာ ဘာသာသာသနာကို စောင့်ရှောက်လိမ့်မည်၊ ချီးမြှောက်အားပေးလိမ့်မည်ဟု ယုံကြည်ပါကြောင်း မိန့်ကြားသည်။

ယင်းနောက် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသက ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာနသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)သို့ လာရောက်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ယနေ့ MPC သို့ လာရောက်ကြည့်ရှုစစ်ဆေးမှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန (MPC)မှ ဦးလှမောင်ရွှေက "နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ အရင်အစိုးရလက်ထက်က မြန်မာငြိမ်းချမ်းရေးစင်တာကို လာရောက်ကြည့်ရှုစစ်ဆေးတဲ့သဘောပါပဲ။ အဓိကကတော့ မြန်မာငြိမ်းချမ်းရေးစင်တာမှာရှိတဲ့ အဆောက်အအုံတွေ သုံးစွဲမှုကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က သိချင်တာတွေကို မေးတဲ့သဘောပါပဲ။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ မေ ၉ ရက်တုန်းက NRPC ကို ပြန်လည်ဖွဲ့စည်းမယ်ဆိုတာမျိုးပြောခဲ့တော့ အဲဒါနဲ့လည်း ဆက်စပ်နိုင်ပါတယ်။ ကျွန်တော်တို့နားလည်တာက နေပြည်တော်မှာလည်း နိုင်ငံတော် အတိုင်ပင်ခံလက်အောက်မှာ ဒီလိုရုံးမျိုးရှိနိုင်သလို ရန်ကုန်မှာလည်း ရုံးခွဲတွေ ရှိနိုင်တယ်လို့ ထင်ပါတယ်" ဟု ဖြေကြားသည်။

မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန(MPC)သို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဒေါက်တာတင်မျိုးဝင်းလည်း လိုက်ပါခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် MPC အဆောက်အအုံမှ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ပြီးခဲ့သည့် မေ ၉ ရက်က အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre – NRPC) ဖွဲ့စည်းရေးဆိုင်ရာ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်တွင် ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ စေ့စပ်ညှိနှိုင်းရေးတာဝန်ခံ ဒေါက်တာတင်မျိုးဝင်း၊ အစိုးရကိုယ်စားလှယ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကိုယ်စားလှယ်အဖြစ် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာနမှ ကိုယ်စားအဖြစ် ဦးမြင့်စိုး၊ ဦးခင်ဇော်ဦး၊ ဒေါက်တာမင်းဇော်ဦးတို့ တက်ရောက်ခဲ့ကြသည်။

ယခင်အစိုးရလက်ထက်၌ ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံငြိမ်းချမ်းရေးစင်တာ၏လုပ်ငန်းများကို ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်တွင် ရပ်ဆိုင်းခဲ့သည်။

**သတင်း-မြတ်သန္တာမောင်၊ ဓာတ်ပုံ-နေအောင်ခိုင်**



# ရွှေတန်တောင်ကျေးရွာ စာကြည့်တိုက်သစ်ဖွင့်

**ပဲခူး မေ ၁၄**။ ကျေးလက်နေပြည်သူများ စာပေဗဟုသုတဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်သည့်အလေ့အထများရရှိစေရန်အတွက် ရွှေတန်တောင်ကျေးရွာ ပြည်သူများ၏မတည်ငွေဖြင့် တည်ဆောက်ထားသော ရွှေအလင်းရောင်စာကြည့်တိုက်သစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေးနှင့် ဆရာနန်းဦး(မြန်မာစာ)တို့က အဖွင့်အမှာစကားပြောကြားပြီး စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဆရာနန်းဦး(မြန်မာစာ)၊ ဆရာမဂျေလှသင်၊ ဆရာအာဝါသတို့က ဟောပြောခဲ့ကြသည်။ ယင်းနောက် ပြန်/ဆက်ဦးစီးဌာနနှင့် ဆရာနန်းဦး(မြန်မာစာ)တို့က သုတ၊ ရသစာအုပ်များကိုလည်းကောင်း၊ မေတ္တာရိပ်ပရဟိတ(ရန်ကုန်)မှ ပရိဘောဂဝယ်ရန်အလှူငွေကျပ် နှစ်သိန်းကိုလည်းကောင်း ရွှေအလင်းရောင်စာကြည့်တိုက်အတွက် လှူဒါန်းခဲ့ကြသည်။

အဆိုပါစာကြည့်တိုက်သည် အုတ်ညှပ်တစ်ထပ်သွပ်မိုး အဆောက်အအုံဖြစ်ပြီး ကျပ်သိန်း ၄၀ အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရှယ်ယာတွေကို ဒုက္ခပေးနိုင်တာ

ခင်မောင်ညို (ဘောဂဗေဒ)

စတော့ရှယ်ယာဈေးကွက်က အသစ်ဖြစ်နေလေတော့ ရှယ်ယာဈေးကွက်နဲ့ပတ်သက်လို့ တတ်နိုင်သမျှ ဖတ်မှတ်စုဆောင်းပြီး မျှဝေပေးနေတာပါ။ ရှယ်ယာဈေးတွေ ကျစေချင်၊ တက်စေချင်တာဆိုတဲ့ ဆန္ဒတစ်ခုမျှ မပါပါဘူး။တက်တတ်တဲ့သဘောတစ်ခုကိုပဲကြည့်ပြီး ကျတတ်တဲ့သဘောကို မမြင်မိမှာစိုးလို့ သတိပေးနေတာ။ သဘောပေါက်တဲ့သူလည်း ရှိမယ်၊ သဘောမပေါက်တဲ့သူလည်းရှိမယ်။

အခုလို ရေနံဈေးနှုန်းတွေကျပြီဆိုရင် ရေနံနဲ့ပတ်သက်တဲ့ကုမ္ပဏီကြီးတွေ ထိခိုက်လို့ သူတို့ရဲ့ရှယ်ယာဈေးနှုန်းတွေလည်း ကျဆင်းကုန်ကြတာ သတိထားမိမှာပါ။ တစ်ဖက်မှာတော့ ရေနံကို သွင်းအားစုအနေနဲ့ အသုံးပြုနေကြတဲ့ ကုမ္ပဏီတွေအနေနဲ့ စရိတ်သက်သာပြီး အကျိုးအမြတ်များနိုင်တဲ့အတွက် ရှယ်ယာဈေးတွေလည်း တက်နိုင်ပါတယ်။ ပြီးတော့ ကုန်ပစ္စည်းတွေ ဈေးနှုန်းတက်တာဟာ ကုမ္ပဏီနဲ့တိုက်ရိုက်မသက်ဆိုင်ဘူးဆိုတဲ့ တိုင်အောင် စားသုံးသူတွေကို ထိခိုက်၊ စားသုံးသူတွေက ချွေတာလာကြရင် စီးပွားရေးအဆောက်အအုံတစ်ခုလုံးကိုထိခိုက်ပြီး ကုမ္ပဏီတစ်ခုရဲ့ ရှယ်ယာဈေးနှုန်းတွေကို ထိခိုက်နိုင်ပါတယ်။

**သတင်းတွေကြောက်ရ**

စာစောင်တွေ၊ သတင်းစာတွေထဲမှာပါတဲ့ သတင်းတွေဟာ ကိုယ့်ရဲ့စီးပွားရေးလုပ်ငန်းတွေကို ထိခိုက်နိုင်ပါတယ်။ ဒီခေတ်မှာဆိုရင် မှန်တာ၊ မမှန်တာ အသာထား၊ သတင်းတွေက တစ်ကမ္ဘာလုံးကို ချက်ချင်းပျံ့နှံ့သွားနိုင်ပါတယ်။ ဥပမာ ၂၀၁၁ ခုနှစ်က ဂျပန်နိုင်ငံက ဖူကူရှီးမား အဏုမြူဓာတ်အားပေးစက်ရုံ အကျပ်အတည်းနဲ့ ပတ်သက်တဲ့သတင်းတွေဟာ တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွားတော့ ယူရေနီယမ်သတ္တုတွင်းတူးလုပ်ငန်းတွေရော၊ အဏုမြူစွမ်းအင်သုံးဓာတ်အားပေးလုပ်ငန်းတွေကိုရော ထိခိုက်စေခဲ့ပါတယ်။

၂၀၁၀-၂၀၁၁ က ယူရိုဇုန်ကြွေးမြီအကျပ်အတည်းဟာ စတော့ရှယ်ယာဈေးကွက်သာမက တစ်နိုင်ငံလုံး၏ စီးပွားရေးကို ထိခိုက်သလို ကမ္ဘာ့စီးပွားရေးအဆောက်အအုံကိုပါထိခိုက်စေတာ တွေ့ရပါတယ်။ ကိုယ်နဲ့မဆိုင်ဘူးလို့ထင်ရတဲ့သတင်းတွေက ကိုယ်နဲ့ဆိုင်ဖို့ ဖြစ်လာပါတယ်။

**အကဲဖြတ်ချက်တွေ သတိထား**

နိုင်ငံတွေ၊ စီးပွားရေးလုပ်ငန်းတွေရဲ့ ကြွေးဆပ်နိုင်စွမ်းတွေကို အကဲဖြတ်သတ်မှတ်နေတဲ့ လုပ်ငန်းတွေရှိကြပါတယ်။ မူလအခြေအနေအတိုင်းပဲရှိတယ်။ မူလအခြေအနေထက် ကောင်းလာတယ်။ မူလထက်ဆိုးသွားပြန်ပြီနဲ့ အကဲဖြတ်ချက်တွေကို ထုတ်ပြန်လေ့ရှိကြတယ်။

အဲဒီအကဲဖြတ်ချက်တွေကြောင့် အစုရှယ်ယာတွေရဲ့ ဈေးနှုန်းတွေအတက်အကျဖြစ်တတ်တယ်။ ငွေချေးတဲ့သူတွေက ချေးရဲတာ၊ လက်တွန့်တာတွေကိုဖြစ်စေနိုင်တယ်။ တကယ်တော့ အခုလို အကဲဖြတ်လေ့လာသုံးသပ်တဲ့သူတွေကို ဘယ်သူက အကဲဖြတ်မှာလဲဆိုတဲ့ မေးခွန်းတွေပေါ်ဖူးပါတယ်။ မှားတာမှန်တာ အသာထား၊ ချက်ချင်းလက်ငင်း ဈေးကွက်ထဲမှာရှိနေတဲ့သူတွေရဲ့အပေါ်ကို အပြုသဘောနဲ့ဖြစ်ဖြစ်၊ အဖျက်သဘောနဲ့ဖြစ်ဖြစ် အကျိုးသက်ရောက်မှုရှိတာအမှန်ပဲ။ အခုလို အကဲဖြတ်ချက်တွေကို လူတွေက အလွန်အကျွံတုံ့ပြန်တဲ့အခါမျိုးမှာ လေ့လာသုံးသပ်သူတွေဟာ မူလဆင်ခြင်တွက်ဆထားတာထက် ကြီးမားတဲ့အခြေအနေမျိုးလို ပြန်လည်ပြင်ဆင်သုံးသပ်ရပြန်ပါတယ်။ တရုတ်နဂါးကသလို ခေါင်းပိုင်းက နည်းနည်းလေး လှုပ်လိုက်တာနဲ့ အမြီးပိုင်းက ပြောင်းဆန်သွားနိုင်ပါတယ်။

**ခေတ်ကုန်သွားတဲ့အခါ**

မကြာခဏပြောလေ့ရှိတာက ကမ္ဘာဦးတုန်းကရှိခဲ့တဲ့ ဒိုင်နိုဆောဆိုတဲ့ သတ္တဝါကြီးတွေ ပျောက်သွားသလို ခေတ်နဲ့စနစ်သစ်နဲ့အံမဝင်တော့တာမျိုးလည်း ဖြစ်တတ်ပါတယ်။ အသက် (၁၀၀) နှစ်ပေါင်း (၁၀၀)ရှည်ကြာတဲ့ စီးပွားရေးလုပ်ငန်းဆိုတာမျိုးဟာ ခပ်ရှားရှားပါ။ရန်ကုန်မှာ သွားရင်းလာရင်း အမှတ်တမဲ့လမ်းဘေးဝဲယာကို ကြည့်ရင် ပေါ်လိုက်ပျောက်သွားလိုက်ဖြစ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေကအများကြီးပါ။ ပစ္စည်းချင်းအတူတူ ကိုယ့်ထက်ဈေးသက်သာအောင်လုပ်နိုင်တဲ့လုပ်ငန်းတွေ ရှိတယ်။ တစ်ချိန်က ပြည်တွင်းဈေးကွက်မှာလွှမ်းမိုးထားနိုင်ပေမယ့် အခုပြည်ပက ဈေးသက်သက်သာသာနဲ့ ဝင်လာလို့ပျောက်ကွယ်သွားတဲ့ ပြည်တွင်းလုပ်ငန်းတွေရှိတယ်။ အခုခေတ်မှာ အသိပညာ၊ အတတ်ပညာတွေ ပြန့်ပွားတာ လွယ်ကူမြန်ဆန်တယ်။ လက်နဲ့လုပ်တဲ့သူနဲ့ လုပ်တဲ့ အလုပ်တွေအတော်များများကို စက်နဲ့လုပ်နိုင်တာ အလိုအလျောက်စက်နဲ့ လုပ်နိုင်တာတွေ ရှိလာလေတော့ နေ့မြင်ညပျောက်လုပ်ငန်းတွေ အတော်များလာတယ်။ လူတွေတောင်မှ ကိုယ်တတ်ထား၊သိထားတာတွေက ခေတ်သစ်၊ စနစ်သစ်နဲ့ မကိုက်ညီတော့လို့ ခေတ်မီအောင် အလုပ်အကိုင်မဲ့ ဖြစ်မသွားအောင် မနည်းကြိုးစားနေကြရတယ်။

**ဖော်ထုတ်နိုင်တာ နောက်ကျ**

စာရင်းစစ်တွေ စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီမှုရှိ၊ မရှိ၊ လိုက်နာမှုရှိ၊မရှိ၊ ဖော်ထုတ်တဲ့သူတွေ သက်ဆိုင်ရာအဖွဲ့အစည်းတွေဟာ မနိုင်မနင်းအလုပ်လုပ်နေရတဲ့ သဘောရှိတာမို့ ဘယ်အဖွဲ့အစည်း၊ ဘယ်ကုမ္ပဏီဟာ ဘယ်လိုဖြစ်နေတယ်၊ ဘယ်လိုမသမာမှုတွေ ဖြစ်နေတယ်ဆိုတာကို ချက်ချင်းလက်ငင်းမဖော်ထုတ်နိုင်ကြဘူး။ သူတို့သိရှိလို့ဖော်ထုတ်တဲ့အခါဆို ခြေလွန်လက်လွန်တွေ ဖြစ်ကုန်ပြီ။ နာတဲ့သူကနာ၊ စားတဲ့သူကစား၊ ပြေးတဲ့သူကပြေးကုန်ပြီ၊ အဲဒီမှ စီမံခန့်ခွဲမှုအားနည်းတာတွေ၊ မသမာမှုတွေ၊ ဘူးပေါ်သလိုပေါ်လာပြီး ဈေးကွက်ထဲပြာယာခတ်ကုန်ကြတော့တယ်။ ကုမ္ပဏီတစ်ခုနာမည်ပျက်ပြီဆိုရင် ပြန်ပြီးအဖတ်ဆယ်ဖို့ခက်တယ်။ ရှေ့မှာပြောခဲ့သလို ရပ်ကျော်ရွာကျော်အဆင့်သာမက ကမ္ဘာကျော်သွားတတ်တယ်။ ဘာမျှမတွေ့သေးတာနဲ့ ဘာမျှမဖြစ်သေးဘူးလို့ ပြောလို့မရဘူး။

**ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ**

တကယ်တော့ ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေဆိုတာ အစိုးရနဲ့စီးပွားရေးလုပ်ငန်းတွေ ဆက်ဆံရေးကို ပြဋ္ဌာန်းပါတယ်။ အစိုးရက စီးပွားရေးလုပ်ငန်းတွေကို ထိန်းချုပ်ဖို့ ကြိုးစားရတာတွေရှိတယ်။ စီးပွားရေးလုပ်ငန်းတွေ လုပ်သာကိုင်သာရှိအောင် ဖြေလျှော့ပေးရတာတွေ ရှိတယ်။ ထိန်းချုပ်ဖို့ ကြိုးစားရင် စီးပွားရေးလုပ်ငန်းတွေကို ထိခိုက်နိုင်ပြီး ဖြေလျှော့ဖို့ ကြိုးစားရင် သူတို့အကျိုးရှိနိုင်တယ်။ စီးပွားရေးလုပ်ငန်းတွေကတစ်ဆင့် အစုရှယ်ယာဝယ်ထားတဲ့သူတွေ ထိခိုက်မယ်။ တစ်ခါတလေတော့လည်း အစိုးရက စီးပွားရေးလုပ်ငန်းတွေကိုထိန်းချုပ်တာနောက်ကျပြီး ဖြေလျှော့ဖို့ကြိုးစားတာ မအောင်မြင်တာမျိုးဖြစ်နိုင်ပါသေးတယ်။

ဥပဒေကြောင်းအရ မပီပြင်တဲ့ စည်းမျဉ်းစည်းကမ်းတွေက မထိရောက်တဲ့အခြေအနေမျိုးမှာ စီးပွားရေးလုပ်ငန်းတွေက ဟာကွက်ကို အသုံးချသွားတာမျိုး မကြာခဏတွေ့ရတယ်။

အများအားဖြင့် ဥပဒေပြုတဲ့အခါ ဥပဒေပြုသူတွေနဲ့ အစိုးရရဲ့အရေးပါမှု တက်လာစေတယ်။ အစိုးရနဲ့ ဥပဒေပြုသူတွေရဲ့ ပုံရိပ်ကောင်းမွန်လာစေတယ်။ စီးပွားရေးလုပ်ငန်းတွေက အများပြည်သူတွေကို ဒုက္ခပေးနိုင်တဲ့ ကိစ္စမျိုးတွေမှာ ဥပဒေပြုသူတွေကို ပြည်သူတွေ၊ မဲဆန္ဒရှင်တွေက လက်ခုပ်တီးပေးမယ်။ စီးပွားရေးလုပ်ငန်းတွေကတော့ ဘယ်ကြိုက်မလဲ။ တစ်ခါတစ်ခါ ပြည်သူကြိုက်လုပ်တဲ့ အလုပ်မျိုးတွေကြောင့် စီးပွားရေးလုပ်ငန်းတွေ၊ ရှယ်ယာရှင်တွေအနေနဲ့ လိုအပ်တာထက်ပိုပြီး ထိခိုက်နိုင်ပါတယ်။

ငွေဖောင်းပွမှုနှုန်းနဲ့ အတိုးနှုန်းတွေက ငွေချေးတဲ့သူတွေအပေါ်ကယူတဲ့ အတိုးနှုန်းတက်ရင် စီးပွားရေးလုပ်ငန်းတွေ ထိခိုက်ပြီ။ အတိုးနှုန်းနဲ့ ငွေဖောင်းပွမှုနှုန်းက တစ်ပြိုင်နက်တည်းဖြစ်တဲ့အခါလည်း ရှိတယ်။ တခြားစီဖြစ်တဲ့အခါလည်းရှိတယ်။ အတိုးနှုန်းတက်ရင် စရိတ်ကြီးလာရင် အမြတ်နည်းမယ်။ အမြတ်ဝေစုနည်းသွားမယ်။ လုပ်ငန်းအခြေအနေ မကောင်းဘူး။

အများအားဖြင့် ငွေဖောင်းပွမှုကိုတိုက်ဖို့ အတိုးနှုန်းကို မြှင့်တင်တတ်ကြတာများတယ်။ စရိတ်တက်လာပေမယ့် တက်လာတဲ့စရိတ်ကို စားသုံးသူတွေ ပခုံးပေါ်ရောက်အောင်ပို့နိုင်တဲ့လုပ်ငန်းမျိုးဆို အခြေအနေမဆိုးဘူး။ စားသုံးသူတွေကတော့ မသက်သာဘူးပေါ့။

အတိုးနှုန်းတွေ၊ ငွေဖောင်းပွမှုနှုန်းတွေ တက်နေလို့ စားသုံးသူတွေထိခိုက်ပြီ၊ ဝယ်လိုအားလျော့ပြီဆိုရင်တော့ စီးပွားရေးအဆောက်အအုံတစ်ခုလုံး ထိခိုက်နိုင်ပါတယ်။ စီးပွားရေးတိုးတက်မှုကနှေးကွေး၊ တစ်ဖက်မှာ ငွေဖောင်းပွမှုလည်းဖြစ်နေတဲ့ (Stagflation)ဆိုတဲ့ အခြေအနေမျိုးနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

**အတွက်လွဲ**

မမှားတဲ့ရှေ့နေ၊ မသေတဲ့ဆေးသမား မရှိဘူးဆိုပေမယ့် ရှေ့နေတွေ၊ ဆေးသမားတွေလိုပဲ စီးပွားရေးပညာရှင်တွေ၊ မူဝါဒချမှတ်သူတွေ အတွက်လွဲပြီဆိုရင် ခံရသူက မသက်သာဘူး။ တခြားကုမ္ပဏီတွေ အတွက်လွဲလို့ ပြိုရင် သူတို့ချည်း ထိတာမဟုတ်ဘဲ အဲဒီကုမ္ပဏီတွေကို မှီခိုနေရတဲ့ လုပ်ငန်းတွေအားလုံးပါ တစ်ခုပြီးတစ်ခု အချိတ်အဆက်မိပြီး ပြိုကွဲသွားတတ်ပါတယ်။ ၂၀၀၈-၂၀၀၉အိမ်အပေါင်ခံလုပ်ငန်းတွေ ပြိုကွဲမှုမှာ မူလတွက်ဆထားတာထက် ကြီးမားတဲ့အန္တရာယ်တွေ၊ ပြိုကွဲမှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

**အန္တရာယ်ကင်းတာ ဘယ်မှာမှမရှိ**

အပြင်လောကပဲ ဖြစ်ဖြစ်၊ စီးပွားရေးလောကပဲဖြစ်ဖြစ် အန္တရာယ်လုံးဝကင်းစင်တာမျိုး မရှိပါဘူး။ တချို့က အန္တရာယ်နည်းမယ်။ တချို့ကသူများထက် အန္တရာယ်ပိုများမယ်။ အန္တရာယ်ကို ရှောင်တဲ့သူရှိမယ်။ ရင်ဆိုင်ရတာ ဝါသနာပါတဲ့သူရှိမယ်။ ကိုယ်ဘယ်လို အန္တရာယ်တွေ ရင်ဆိုင်ရနိုင်တယ်ဆိုတာ ကြိုသိထားတာကောင်းတယ်။ အန္တရာယ်များသလောက် အကျိုးကျေးဇူးများတာ အန္တရာယ်မရှိသလို အကျိုးကျေးဇူးနည်းတာတွေလည်း ရှိတယ်။

နိဂုံးချုပ်ပြောရရင် ကိုယ်နိုင်သလောက် စွန့်စား၊ မနိုင်ရင် မလုပ်နဲ့။ ။

မှားတာမှန်တာ အသာထား၊ ချက်ချင်းလက်ငင်း ဈေးကွက်ထဲမှာရှိနေတဲ့သူတွေရဲ့အပေါ်ကို အပြုသဘောနဲ့ဖြစ်ဖြစ်၊ အဖျက်သဘောနဲ့ဖြစ်ဖြစ် အကျိုးသက်ရောက်မှုရှိတာအမှန်ပဲ။ အခုလို အကဲဖြတ်ချက်တွေကို လူတွေက အလွန်အကျွံတုံ့ပြန်တဲ့အခါမျိုးမှာ လေ့လာသုံးသပ်သူတွေဟာ မူလဆင်ခြင်တွက်ဆထားတာထက် ကြီးမားတဲ့အခြေအနေမျိုးလို ပြန်လည်ပြင်ဆင် သုံးသပ်ရပြန်ပါတယ်။ တရုတ်နဂါးကသလို ခေါင်းပိုင်းက နည်းနည်းလေးလှုပ်လိုက်တာနဲ့ အမြီးပိုင်းက ပြောင်းဆန်သွားနိုင်ပါတယ်။

## ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာန အင်းတော်မြို့နယ်တွင် ဖွင့်လှစ်

**အင်းတော် မေ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မန်လည်ကျေးရွာအုပ်စု ဝါးဖြူတောင်ကျေးရွာတွင် မေ ၁၂ ရက် နံနက် ၉ နာရီက ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာန ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

Plan International Myanmar မှ ပံ့ပိုးပြီး အင်းတော်မြို့နယ်အတွင်းတွင် ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာနတွေကို ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇ အထိ သုံးနှစ်စီမံချက်ချမှတ်ပြီး ဖွင့်လှစ်ပေးခဲ့သည်။ ပထမနှစ်အတွင်း အင်းတော်မြို့နယ်၌ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာန ၁၀ ခု၊ ဒုတိယနှစ်တွင် ၁၀ ခုနှင့်စုစုပေါင်း ဌာန ၂၀ ဖွင့်လှစ်ပြီးဖြစ်သည်။ တတိယနှစ်အနေဖြင့် ဖွင့်လှစ်ပြီး ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာနများကို ရှင်သန်ခိုင်မာအောင် နည်းပညာဆိုင်ရာများ ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း Plan International Myanmar မှ ဦးသက်နိုင်လင်း၏ ပြောပြချက်အရ သိရသည်။

"ကျွန်တော်တို့ ကျေးရွာမှာ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာန ဖွင့်မယ်ဆိုတော့ ကျွန်တော်တို့အနေနဲ့ အသိအမြင်နည်းသေးတော့ ပထမ လက်မခံချင်ဘူး။ အဆောက်အအုံဆောက်ရမယ်။ လိုအပ်တဲ့ပရိဘောဂတွေ၊ ကလေးကစားကွင်းတွေ လုပ်ပေးရမယ်ဆိုတော့ ပိုက်ဆံမရှိတော့ စိတ်မဝင်စားဘူး။ ပံ့ပိုးပေးမယ့်ငွေက သိန်းငါးဆယ်။ ကုန်ကျမှာက သိန်းခုနစ်ဆယ်၊ သိန်းရှစ်ဆယ်ဆိုတော့ ရွာမှာ ရန်ပုံငွေရှာရတာက မလွယ်ဘူး။ ဒါပေမယ့်လည်း ကိုယ့်ရင်သွေးတွေ၊ ကိုယ့်ကလေးတွေအတွက်ဆိုပြီးတော့ အားလုံးဝိုင်းဝန်း ဆောင်ရွက်လိုက်ကြတယ်။ အင်းတော်က ရင်သွေးငယ်ဖောင်ဒေးရှင်းက ဆရာတွေကလည်း လုပ်ငန်းအကြောင်းကို အသေးစိတ်ရှင်းပြမှ ငါတို့ကလေးတွေအတွက် သူတို့ဘဝလေးတွေလှပအောင် ဆောင်ရွက်ရမှာပါလားဆိုပြီး အသိစိတ်လေးတွေဝင်လာတာ။ လုပ်ငန်းဆောင်ရွက်ရတာကတော့ အခက်အခဲတွေတော့ ရှိပါတယ်။ အားလုံးအောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်ရမှာပါ"ဟု ဝါးဖြူတောင်ကျေးရွာ(ခွဲ) ရာအိမ်မှူး ဦးမြမောင်က ပြောသည်။

(ကျော်သီဟ)

❖ ❖



## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# နာဂစ်အလွန် (၈)နှစ်

**မောင်ဆွေဝင်း (ပဲခူး)**

၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက် ထိုနှစ်ရက်တွင် တိုက်ခတ်ခဲ့သော နာဂစ် (Nargis) အမည်ရှိ လေမုန်တိုင်းကြီးသည် မြန်မာနိုင်ငံသူနိုင်ငံသားများ အတွက် အကြီးမားဆုံးသဘာဝဘေးအန္တရာယ်ဆိုးကြီးဖြစ်ခဲ့သည်။ တကယ်ပင် ထိတ်လန့်ချောက်ချားဖွယ်ရာ အကောင်းဆုံးကပ်ဆိုးကြီး။ တကယ်တော့ မေလသည် မြန်မာပြည်သူများအတွက်တော့ မုန်တိုင်းဒဏ်ကို အများဆုံးခံရသော လတစ်လဖြစ်ကြောင်း အောက်ပါမှတ်တမ်းက သက်သေခံနေသည်။

၁၈၈၄ ခုနှစ် မေလ -စစ်တွေမုန်တိုင်း
၁၉၆၇ ခုနှစ် မေလ - ကျောက်ဖြူမုန်တိုင်း
၁၉၆၈ ခုနှစ် မေလ - စစ်တွေမုန်တိုင်း
၁၉၇၅ ခုနှစ် မေလ - ပုသိမ်မုန်တိုင်း
၁၉၇၈ ခုနှစ် မေလ -ကျောက်ဖြူမုန်တိုင်း
၁၉၈၅ ခုနှစ် မေလ - ဂွမုန်တိုင်း
၁၉၉၄ ခုနှစ် မေလ - မောင်တောမုန်တိုင်း
၂၀၀၄ ခုနှစ် မေလ - စစ်တွေ- မြေပုံမုန်တိုင်း
၂၀၀၆ ခုနှစ် မေလ - မာလာမုန်တိုင်း
၂၀၀၇ ခုနှစ် မေလ - စစ်တွေမုန်တိုင်း
၂၀၀၈ ခုနှစ် မေလ - ရန်ကုန်-ဧရာဝတီ နာဂစ်မုန်တိုင်း

နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံအတွင်း ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ကို ဖြတ်ကျော်တိုက်ခတ်သွားသည်။ အထူးသဖြင့် ဧရာဝတီတိုင်းသားတို့ နာဂစ်မုန်တိုင်းဒဏ်ကို အများဆုံးခံကြရသည်။ လူပေါင်း ၁၄၀၀၀၀ ခန့်သေဆုံး (သို့မဟုတ်) ပျောက်ဆုံးကြောင်း ခန့်မှန်းသည်။ လူပေါင်း ၂ ဒသမ ၄သန်းခန့် မုန်တိုင်းဒဏ်ကို ဆိုးဆိုးရွားရွား ခံစားရသည်။ ဤဝမ်းနည်းကြေကွဲမှုများနှင့်အတူ နာဂစ်ဒဏ်ခံဒေသများ၌ စုစုပေါင်း ပျက်စီးဆုံးရှုံးမှု တန်ဖိုးမှာ ကျပ် ၄ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၀၅၇ ဘီလီယံ) ဖြစ်ကြောင်းခန့်မှန်းသည်ဟု နာဂစ်မုန်တိုင်းအလွန် ဆန်းစစ်သုံးသပ်ချက် အစီရင်ခံစာ (၂၀၁၀ ဇန်နဝါရီ) တွင် ဖော်ပြထားသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်သွားပြီးနောက် နှစ်စဉ်နှစ်တိုင်း "နာဂစ်မုန်တိုင်းအလွန် အစီရင်ခံစာများ" အစီအရီထွက်လာသည်။ ကာလအပိုင်းအခြားအလိုက် ဆန်းစစ်သုံးသပ်ချက်အစီရင်ခံစာများ (၂၀၁၀ ဇန်နဝါရီ)၊ နာဂစ်မုန်တိုင်းလွန်လူမှုဘဝသက်ရောက်မှုများလေ့လာဆန်းစစ်ချက် (၂၀၁၀ ဧပြီ)၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့အစီရင်ခံစာ (၂၀၁၀ ဇူလိုင်) တို့ကို တွေ့ကြရသည်။ အစီရင်ခံစာတစ်ရပ်တွင် နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် မြန်မာနိုင်ငံအတွင်း၌ လူထုအခြေပြုအဖွဲ့အစည်းများပေါ်ပေါက်ခဲ့ကြောင်း၊ ယင်းအဖွဲ့အစည်းများသည် စိတ်ကောင်းစေတနာမှန်ပြီး တက်ကြွသော နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြကြောင်း ဖော်ပြထားသည်။

သို့သော် အခြားတစ်ဖက်တွင်မူ ဤမျှကြီးမား၍ တုန်လှုပ်ချောက်ချားဖွယ်ကပ်ဆိုးကြီးဖြစ်ပေါ်နေစဉ် အုပ်ချုပ်သူများ၏ စီမံခန့်ခွဲမှုအမှားများ၊ အကျင့်ပျက်ခြစားမှုများ၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုမရှိခြင်းတို့ကြောင့် သဘာဝဘေးသင့်ပြည်သူအများစုကြီးမှာ ကူကယ်ရာမဲ့ ဒုက္ခအတွင်း သက်ဆင်းခဲ့ရသည်မှာ နာဂစ်အလွန်ရက်ကာလများအတွင်းက ဖြစ်သည်။ ဒီကိစ္စနှင့်ပတ်သက်၍ ဆရာဒေါက်တာခင်မောင်ညိုရေးသားခဲ့သည့် "သဘာဝဘေးအန္တရာယ် နာဂစ်မုန်တိုင်း" (Nargis- Natural Disaster) ဆောင်းပါးကို ကျွန်တော်အလွန်သဘောကျသည်။ ယင်းဆောင်းပါးမှ အောက်ပါအကြောင်းအရာကို ကောက်နုတ်ဖော်ပြချင်သည်-

"ဧရာဝတီတိုင်းဖြစ်စဉ်ကတော့ ရှုပ်ထွေးနေပါတယ်။ မိုးလေဝသသတင်းကို ပြည်သူတွေ ကြောက်မှာစိုးလို့ ဖုံးထားတယ်လို့ဆိုကြတယ်။ ပညာရှင်များက အတိအကျ သတင်းပေးတယ်လို့ ဆိုကြတယ်။ သို့သော် တကယ်တမ်း မုန်တိုင်းဖြစ်ပြီး လူနှစ်သိန်းခန့်သေကျေပျက်စီးတာကို ကျွန်တော်တို့မှာ တာဝန်ရှိတယ်ဆိုပြီး နုတ်ထွက်တဲ့ မိုးလေဝသပညာရှင် တစ်ယောက်မှမရှိခဲ့ပါဘူး။ ကျွန်တော်တို့ တင်ပြပါတယ်။ ဒါပေမယ့် အစိုးရက ဒီလိုမလုပ်ဘူး။ ဒါကြောင့် လူတွေသေရတာပါ။ ဒီအတွက် ကျွန်တော်တို့ ပညာကို မလေးစားသူတွေနဲ့ အလုပ်မလုပ်လိုဘူးဆိုပြီး နုတ်ထွက်တဲ့သူ တစ်ယောက်မှ မတွေ့ခဲ့ပါဘူး။

တာဝန်ယူမှုဆိုတဲ့ အလေ့အကျင့်ကို ပြုစုပေးဖို့ လိုပါတယ်။ ဒီနေရာမှာ ပညာရှင်နဲ့ အာဏာရှင် ပဋိပက္ခလို့လည်း ဆိုနိုင်ပါတယ်။ အာဏာရှင်တွေ တောက်လျှောက်ကြီးစိုးခဲ့တဲ့ ကာလတွေမှာ ပညာရှင်တွေကို မလေးမစားလုပ်တယ်။ ဒါကို သိက္ခာချခြင်း (Dehumanized) လုပ်တယ်လို့ ဆိုတယ်။

ဆရာတင်မိုးဆိုရင်လည်း ပညာရေးဌာနမှာ အလုပ်လုပ်ရင်းနဲ့ ကျူရှင်ပေးတယ်။ ကျူရှင်ဥပဒေအရ အရေးယူတယ်။ "ခင်ဗျားကျူရှင်ပေးတာမှန်လား" သူ့ကိုစစ်ဆေးရေးအဖွဲ့က စစ်တယ်။ "ဆရာဂျမ်း၊ ကျူရှင်မပေးဘူးလို့ပြော" လို့စစ်ဆေးသူများကပင် သင်ထားတယ်။

"ဆရာဂျမ်း၊ ကျူရှင်ပေးလား"

"ပေးပါတယ်"

သူအလုပ်ပြုတ်သွားပါတယ်။ ဒါမှမဟုတ်လည်း သူထွက်မှာပါပဲ။ သူ့တာဝန်သူယူတဲ့သူတွေအများကြီး။"

အခုမေလ ၂ ရက်၊ ၃ ရက်က နာဂစ်မုန်တိုင်း တိုက်ခတ်သွားခဲ့သည်မှာ ရှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သဘာဝကပ်ဆိုးတွေထဲက တစ်ခုဖြစ်သည့် နာဂစ်မုန်တိုင်းစဲသွားပြီးနောက် မုန်တိုင်းဒဏ်ခံမြန်မာပြည်သူများအတွက် ပြည်တွင်းပြည်ပမှ အကူအညီအများကြီးရောက်လာသည်။ ရောက်သော်လည်း ကူညီပေးမည့်သူတွေအပေါ် အကန့်အသတ်အတားအဆီးလုပ်ခဲ့သည့် သတင်းများ ထွက်ခဲ့သည်။

ပြည်တွင်းပြည်ပ အရေးပေါ်ကူညီမှုများအဖြစ် စားစရာ ဆန်၊ ဆီ၊ ဆေး၊ ရေသန့်မှအစ နေစရာပေါ်ပလင်ပိတ်စများ၊ ဂျပန်၊ ဂျာမနီက မိတ်ဆွေများနှင့် သံရုံးအသီးသီး၏ ကူညီထောက်ပံ့မှု၊ စပါးခင်းများ ပျက်စီးသွား၍ မျိုးစေ့၊ ထွန်ယက်စရာ ထွန်စက်၊ ဒီဇယ်ဆီ၊ နေစရာအိမ်များ၊ နောင်ဒီလို အန္တရာယ်ကြုံလာလျှင် ကာကွယ်ပေးနိုင်မည့် ဆိုင်ကလုန်းရှယ်လ်တာများ ပေးပို့လှူဒါန်းကြသည်လည်း တွေ့ခဲ့ရသည်။

တစ်ခုတော့ရှိပါသည်။ နာဂစ်ဒဏ်ခံဒေသများတွင် ပြန်လည်ထူထောင်ရေးကိုသက်ဆိုင်ရာတာဝန်ရှိသူတို့က အနည်းဆုံးခြောက်လတစ်ကြိမ် မြန်မာပြည်သူအားလုံး လက်ရှိအခြေအနေမှန်များကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ရန် ပိုအရေးကြီးခြင်းဖြစ်သည်။ သို့မှသာ တိုးတက်မှုကိုသော်လည်းကောင်း၊ လိုအပ်ချက်ကို သော်လည်းကောင်း ကွဲကွဲပြားပြားသိနိုင်မည်။ ယခုလောလောဆယ်တွင်လည်း သဘာဝဘေးအန္တရာယ်များမှ မိုးကြိုးပစ်ခြင်း၊ မိုးသီးများကျခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းတို့ မြန်မာပြည်အလယ်ပိုင်း၊ အထက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံသူနိုင်ငံသားများအနေဖြင့် မိုးလေဝသ သတင်းထုတ်ပြန်ချက်များကို ပိုမိုအလေးထားလာကြခြင်းက အားတက်စရာကောင်းသည်။ သို့မှသာ ကာကွယ်ပြင်ဆင်မှုများကို ကြိုတင်လုပ်ဆောင်နိုင်မည်။

နာဂစ်အလွန် ရှစ်နှစ်ရှိခဲ့ပြီဖြစ်ရာ ထိုကာလများအတွင်း ပြန်လည်ထူထောင်ရေးများ မည်သည့်အဆင့်အထိ ရှိနေပြီဖြစ်ကြောင်း သက်ဆိုင်ရာတို့က သီးခြားသတင်းထုတ်ပြန်သင့်သည်။ လောလောဆယ်မှာတော့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျူးကျော်ဟုသတ်မှတ်ခံနေရသူပြည်သူများထဲတွင် နာဂစ်ဒဏ်ခံဧရာဝတီတိုင်းသားတို့ ပါဝင်နေကြသေးသည်။ နာဂစ်အလွန် ရှစ်နှစ်ကာလအတွက် မြန်မာပြည်သူများကို ဆရာအော်ပီကျယ်၏ လေးကွက် ကာတွန်းထဲမှ စာသားများဖြင့် ဤစာကို အဆုံးသတ်ချင်ပါသည်။

(၁) ဗုဒ္ဓဘာသာနိုင်ငံဖြစ်လို့ ရာသီဥတုဘေးဆိုး မကြုံတွေ့နိုင်ဘူးထင်တာ လွဲမှားတဲ့အယူအဆ။

(၂) နာဂစ်လိုမုန်တိုင်းကြီးမျိုး တစ်သက်မှာတစ်ခါပဲ ဖြစ်မှာဆိုတာ လွဲမှားတဲ့ယုံကြည်မှု။

(၃) သဘာဝဘေးအန္တရာယ်ဖြစ်ရင် အဆင်းရဲဆုံးသူတွေအခံရဆုံး။

(၄) သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးပစ်ခြင်းဟာ အကြမ်းဖက်ခြင်းပဲ။ ။

**ယခုလောလောဆယ်တွင်လည်း သဘာဝဘေးအန္တရာယ်များမှ မိုးကြိုးပစ်ခြင်း၊ မိုးသီးများကျခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းတို့ မြန်မာပြည်အလယ်ပိုင်း၊ အထက်ပိုင်းတို့တွင် ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် မိုးလေဝသသတင်းထုတ်ပြန်ချက်များကို ပိုမိုအလေးထားလာကြခြင်းက အားတက်စရာကောင်းသည်။ သို့မှသာ ကာကွယ်ပြင်ဆင်မှုများကို ကြိုတင်လုပ်ဆောင်နိုင်မည်။**

# တက္ကသိုလ်၏အရည်အသွေး အာမခံမှုစနစ်သင်တန်းဖြစ်သော ISO 9001:2015 Certificate သင်တန်း ပို့ချပြီးစီး

**ရန်ကုန် မေ ၁၄**

အမေရိကန်နိုင်ငံအခြေစိုက် ABS (Quality Evaluations) မှ မြန်မာနိုင်ငံရှိသင်တန်းသားများအတွက် သင်ကြားပို့ချလိုက်သော ISO 9001:2015 Certificate သင်တန်းဖြစ်သည့် Quality Management System Risk Thinking Approach သင်တန်းအား ABS Quality Evaluations မှ Country မန်နေဂျာ Mr.James Chan နှင့် မြန်မာနိုင်ငံမှဌာနေကိုယ်စားလှယ် ဦးဇော်ဝင်းအေးတို့က သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)ရှိ ရွှေရတုခန်းမ၌ သင်တန်းသားများအား မေ ၁၃ ရက်နှင့် ၁၄ ရက်က ပို့ချပေးခဲ့ကြောင်း သိရသည်။

တက္ကသိုလ်၏အရည်အသွေးများ ပိုမိုမြင့်မားလာရုံသာမက လစ်လပ်မှုများ လျော့နည်းသွားစေရန်အတွက်လည်းကောင်း၊ နိုင်ငံတကာအသိအမှတ်ပြု တက္ကသိုလ်အဖြစ် တွင်ကျယ်စွာရပ်တည်နိုင်ရန်အတွက် လည်းကောင်း ABS QE နှင့် ရယူရန်ပြင်ဆင်လျက်ရှိသော သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)မှ ISO 9001:2015 နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရရှိရန် အတွက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံပေါင်း ၁၇၀ ကျော်မှ အသိအမှတ်ပြုကျင့်သုံးနေသည့် ISO 9001:2015 Internal Auditor သင်တန်းအား တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ ISO 9001:2015 Internal Auditor သင်တန်း၌ ရန်ကုန်နှင့် မန္တလေးမြို့ရှိ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ် ရှစ်ခုမှ စုစုပေါင်းသင်တန်းသား ၄၂ ဦး တက်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် ISO 9001:2015 Certificateသင်တန်းဖြစ်သည့် Quality Management System Risk Thinking Approach သင်တန်းဆည်းပူးလေ့လာကြရန်အတွက် ဆေးတက္ကသိုလ် (မန္တလေး)ရှိ သင်တန်းသားများအား မေ ၉ နှင့် ၁၀ ရက်က လည်းကောင်း၊ ရန်ကုန်ဆေးတက္ကသိုလ် (၂) ရှိ သင်တန်းသားများအား မေ ၁၁ ရက်နှင့် ၁၂ ရက်က လည်းကောင်း အသီးသီးသင်ကြားပို့ချပြီးစီးခဲ့ကြောင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)ရှိ ရွှေရတုခန်းမ၌ ပို့ချသော ISO 9001:2015 Certificate သင်တန်းမှ သိရသည်။

(၀၄၀)



# မိုးကြိုကာလတွေမှာ မုန်တိုင်းတွေဖြစ်တတ်တယ်၊ မြန်မာနိုင်ငံကိုလည်း ဝင်တတ်တဲ့အတွက် ပြည်သူတွေ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့တွေအနေနဲ့ ကြိုတင်ပြင်ဆင်ထားရပါတယ်



**ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦး**

မင်းမင်းဇော်(သတင်းစဉ်)
ဓာတ်ပုံ - မိုး/ဇလ

ယနေ့ ကမ္ဘာ့နိုင်ငံအများအပြားတွင် ပုံမှန်မဟုတ် ပြင်းထန်သည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ခံစားလာကြရသည်။ ထိုဖြစ်စဉ်များတွင် အယ်နီညိုနှင့် လာနီညာ ရာသီဥတုဖြစ်စဉ်များကို ကမ္ဘာ့နိုင်ငံများ၌ တိုက်ရိုက်ကျရောက်ခြင်းဖြင့်တစ်မျိုး၊ သွယ်ဝိုက်ခြင်းဖြင့်တစ်သွယ် ခံစားကြရသည်။ သာမန်အားဖြင့် အယ်နီညိုရာသီဥတုဆိုသည်မှာ ပူပြင်းခြင်း၊ လာနီညာရာသီဥတုဆိုသည်မှာ အေးမြခြင်းဟု သိကြသော်လည်း အဆိုပါရာသီဥတုဖြစ်စဉ်၊ အကျိုးသက်ရောက်မှုနှင့် မည်သို့ပြန်လည်ထိန်းသိမ်းသင့်သည်တို့ကိုသိရှိရန် လိုအပ်မည်ဖြစ်သည်။

ထို့ကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။

**မေး။ ဘင်္ဂလားပင်လယ်အော်အတွင်းမှာဖြစ်ပွားနိုင်တဲ့ လေဖိအားနည်းရပ်ဝန်းနဲ့ အယ်နီညိုရာသီဥတုဖြစ်စဉ် ဘယ်လိုဆက်စပ်တယ်ဆိုတာကို သိပါရစေ။**

ဖြေ။ အယ်နီညိုရာသီဥတုဖြစ်တဲ့နှစ်တွေမှာဆိုရင် ပင်လယ်ရေမျက်နှာပြင် အပူချိန်ဟာ ပုံမှန်ထက်ပိုပူလာပါတယ်။ မုန်တိုင်းဖြစ်ဖို့ဆိုရင် ပင်လယ်ရေမျက်နှာပြင်ဟာ ပုံမှန်အပူချိန်ထက် ပိုရမှာဖြစ်တယ်။ မြန်မာနိုင်ငံမှာ ခံစားခဲ့ရတဲ့ အယ်နီညိုနှစ်တွေကို ပြန်ကြည့်ရင် လေဖိအားနည်းရပ်ဝန်းတွေ၊ မုန်တိုင်းတွေဖြစ်ပွားခဲ့တယ်ဆိုတာတွေ့ရမှာဖြစ်တယ်။ မေလအတွက် မိုးလေဝသခန့်မှန်းချက်ကို ထုတ်ပြန်မယ်ဆိုရင် မေလရဲ့မိုးလေဝသပုံ သဏ္ဍာန်နဲ့ညီတဲ့ ဦးစားပေးနှစ်ကိုရွေးချယ်ပါတယ်။ ရွေးချယ်တဲ့ ၃ နှစ်မှာ လေဖိအားနည်းရပ်ဝန်းနဲ့ မုန်တိုင်းတွေဖြစ်ခဲ့တယ်ဆိုတာ တွေ့ရပါတယ်။ အယ်နီညိုနဲ့ မုန်တိုင်းဆက်စပ်မှုဟာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုနဲ့ ဆက်စပ်တယ်လို့ ပြောလို့ရတယ်။

**မေး။ အခုဘင်္ဂလားပင်လယ်အော်မှာ ဖြစ်ပွားနိုင်တဲ့လေဖိအားနည်းရပ်ဝန်းနဲ့ပတ်သက်တဲ့ အကျိုးသက်ရောက်မှုကို သိပါရစေ။**

ဖြေ။ ခုလောလောဆယ် ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်းအဆင့်ကို မရောက်သေးပါဘူး။ ဒီနေ့အတွက် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းမှာ လေထုတွေ မငြိမ်မသက်ဖြစ်နေတယ်။ သူ့မှာရှိတဲ့ တိမ်တွေရဲ့အပူချိန်ဟာ လေဖိအားနည်းရပ်ဝန်းဖြစ်ဖို့ အင်္ဂါပြည့်စုံနေတယ်။ လေထုလည်ပတ်မှုမရှိသေးတဲ့အတွက် ဒီနေ့ညဒါမှမဟုတ် မေ ၁၅ ရက်မှာ လေဖိအားနည်းရပ်ဝန်းအဆင့် ရောက်နိုင်ပါတယ်။

**မေး။ ဒီလေဖိအားနည်းရပ်ဝန်းနဲ့ပတ်သက်လို့ နိုင်ငံတကာ မိုးလေဝသအေဂျင်စီတွေရဲ့ ခန့်မှန်းချက်တွေကိုလည်း သိလိုပါတယ်။**

ဖြေ။ နိုင်ငံတကာမိုးလေဝသအေဂျင်စီတွေရဲ့ခန့်မှန်းချက်ကတော့ မေ ၁၅ ရက်မှာ လေဖိအားနည်းရပ်ဝန်းအနေနဲ့ရောက်ရှိပြီး မေ ၁၆ ရက်ည မေ ၁၇ ရက်နံနက်ပိုင်းမှာ မုန်တိုင်းငယ်အဆင့်ကိုရောက်ပြီး အိန္ဒိယနိုင်ငံတောင်ပိုင်းကို ဝင်သွားမယ်လို့ခန့်မှန်းထားပါတယ်။ အိန္ဒိယနိုင်ငံ မိုးလေဝသဌာနကတော့ အိန္ဒိယနိုင်ငံတောင်ပိုင်းကို မုန်တိုင်းဝင်ရောက်ပြီး ဘင်္ဂလားပင်လယ်အော်ထဲကို ပြန်ထွက်လာမယ်။ ပြီးရင် ဘင်္ဂလားပင်လယ်အော် ကမ်းရိုးတန်းအတိုင်း လျှောက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းစပ်နဲ့ ကျွန်တော်တို့နိုင်ငံကို ဝင်နိုင်တယ်လို့ ခန့်မှန်းထားတယ်။

ဥရောပမိုးလေဝသအေဂျင်စီရဲ့ခန့်မှန်းချက်ကတော့ ဘင်္ဂလားပင်လယ်အော်ထဲမှာ ဖြစ်မယ့်လေဖိအားနည်းရပ်ဝန်းဟာ မေ ၁၇ ရက်မှာ မုန်တိုင်းငယ်အဆင့်ကို ရောက်ပြီး မေ ၁၈ မှာ အိန္ဒိယနိုင်ငံကိုဝင်မယ်။ အဲဒီကမှ တစ်ဆင့် အာရေဗီယံပင်လယ်ထဲကို ဝင်သွားမယ်လို့ ခန့်မှန်းထားပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ သင်္ချာပုံစံပြုမော်ဒယ်တွေကို ခန့်မှန်းတွက်ချက်ပြီး မိုးလေဝသတင်းတွေကို ထုတ်ပြန်ပါတယ်။ ကျွန်တော်တို့ရဲ့ခန့်မှန်းချက်ကတော့ နောက်နှစ်ရက်မှာ မုန်တိုင်းငယ်အဆင့်ကိုရောက်ပြီး အိန္ဒိယနိုင်ငံကမ်းခြေကိုဝင်ပြီး မေ ၁၈၊၁၉ မှာ ပြန်ထွက်လာမယ်လို့ခန့်မှန်းထားပါတယ်။ အဓိကကတော့ မုန်တိုင်းဟာ ဘင်္ဂလားပင်လယ်ထဲမှာဖြစ်တဲ့အတွက် မြန်မာ့ကမ်းရိုးတန်းမှာ နေထိုင်လုပ်ကိုင်စားသောက်နေကြတဲ့ ပြည်သူတွေအနေနဲ့ သတိထားသင့်ပါတယ်။

**မေး။ မုန်တိုင်းအနေနဲ့ပတ်သက်ပြီး ဘယ်လိုအဆင့်တွေ ခွဲခြားသတ်မှတ်ထားတယ်ဆိုတာကိုလည်း ပြောပြပေးပါ။**

ဖြေ။ မုန်တိုင်းတွေနဲ့ပတ်သက်ပြီး မုန်တိုင်းဘယ်နား ရောက်နေတယ်ဆိုတာ အလွယ်တကူသိနိုင်ဖို့ အရောင် ၅ မျိုး ခွဲခြားသတ်မှတ်ထားတယ်။ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းစဖြစ်ပြီဆိုရင် အဝါရောင်၊ မုန်တိုင်းဟာမြန်မာ နိုင်ငံဘက်ကို ဦးတည်လာပြီဆိုရင် လိမ္မော်ရောင်၊ မြန်မာနိုင်ငံ ကမ်းရိုးတန်းကို ၁၂ နာရီအတွင်း ဝင်ရောက်နိုင်တယ်ဆိုရင် အနီရောင်၊ ဝင်ရောက်ပြီဆိုရင် အညိုရောင်နဲ့ မုန်တိုင်း ကင်းစင်သွားပြီဆိုရင် အစိမ်းရောင်ဆိုပြီး ပြည်သူတွေ အလွယ်တကူသိနိုင်အောင် သတင်းတွေထုတ်ပြန်ပေးလျက် ရှိပါတယ်။ မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဖေ့စ်ဘုတ်မှာလည်း ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။

**မေး။ မိုးလေဝသခန့်မှန်းချက်ဆိုတာမှာ ဘယ်လို ခန့်မှန်းချက်မျိုးဟာ အနီးစပ်ဆုံးဖြစ်နိုင်မလဲ။**

ဖြေ။ သင်္ချာပုံစံပြုမော်ဒယ်တွေရဲ့ ဖော်ပြချက်မှာ ခန့်မှန်းရက်တွေများနေတယ်။ စောနေတယ်ဆိုရင် ခန့်မှန်းချက် မှန်ကန်မှု နည်းပါတယ်။ ၁၀ ရက်လောက် ကြိုတင်ခန့်မှန်းထားတဲ့ခန့်မှန်းချက်ဟာ ၃၀ ရာခိုင်နှုန်းနဲ့ ၅၀ ရာခိုင်နှုန်းသာဖြစ်ပြီး ၂ ရက်၊ ၃ ရက် ပဲစောတဲ့ ခန့်မှန်းချက်က ၈၀ ရာခိုင်နှုန်း၊ ၉၀ ရာခိုင်နှုန်းမှန်ကန်ပါတယ်။ မုန်တိုင်းတစ်ခုနဲ့ ပတ်သက်တဲ့ သတင်းကိုထုတ်ပြန်မယ်ဆိုရင် သူ့ရဲ့ လမ်းကြောင်းအရ ၂ ရက် ကြိုတင်ခန့်မှန်းတာဟာ အကောင်းဆုံးမှန်ကန်မှုအနီးစပ်ဆုံးဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် မုန်တိုင်းတွေဟာ ပင်လယ်ပြင်မှာဖြစ်တဲ့အတွက် သူတို့မှာရရှိလာမယ့် ရေခိုးရေငွေ့တွေ၊ တိုက်လေတွေဟာ ဦးတည်ရာနဲ့ ပုံသဏ္ဍာန်အမျိုးမျိုးအမြဲပြောင်းလဲနေတဲ့ အတွက် မုန်တိုင်းလမ်းကြောင်းတွေဟာ ပြောင်းလဲသွားနိုင်တဲ့အတွက် မုန်တိုင်းအတွက် လမ်းကြောင်းတွေအရ ၂ ရက် လောက်ပဲ ကြိုတင်ခန့်မှန်းတာအကောင်းဆုံးဖြစ်ပါတယ်။ နိုင်ငံတကာက ဖော်ပြတဲ့ခန့်မှန်းချက်တွေမှာ သူ့ရဲ့ လမ်းကြောင်းသာမက Boundary လေးနဲ့မုန်တိုင်းသွားနိုင်တဲ့လမ်းကြောင်းကိုပြပါတယ်။ ဘယ်နေရာကိုဝင်မယ်ဆိုတာကတော့ အခုချိန်အထိခန့်မှန်းချက်တွေ အတိအကျ မပေးသေးပါဘူး။ ဂျပန်နိုင်ငံမှာတောင် မုန်တိုင်းလမ်းကြောင်း ဖော်ပြတဲ့နေရာမှာ မုန်တိုင်းလမ်းကြောင်းသွေဖည်သွားနိုင်တဲ့ ထောင့်နှစ်ထောင့်ကို ဖော်ပြခန့်မှန်းပါတယ်။

**မေး။ မြန်မာနိုင်ငံကို အဲဒီမုန်တိုင်း ဝင်ရောက်နိုင်ပါသလား။**

ဖြေ။ ကြိုတင်ဖော်ပြနေတဲ့သတင်းတွေကို မမှန်ဘူးလို့ မပြောပါဘူး။ သင်္ချာပုံစံပြုမော်ဒယ်တွေဟာ ခန့်မှန်းချက် ရာခိုင်နှုန်းအနည်းနဲ့အများ ကွာခြားတဲ့အနေအထားရှိပါတယ်။ ဒီခန့်မှန်းချက်တွေကို နေ့စဉ်ဖော်ပြပေးသွားနိုင်တယ်ဆိုရင်အကောင်းဆုံးပါပဲ။ မိုးကြိုကာလတွေမှာ မုန်တိုင်းတွေဖြစ်တတ်တယ်။ မြန်မာနိုင်ငံကိုလည်း ဝင်တတ်တဲ့အတွက် ပြည်သူတွေ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့တွေအနေနဲ့ ကြိုတင်ပြင်ဆင်ထားရပါတယ်။ မဝင်ခဲ့ရင်တောင် ဝင်လာရင် ဘယ်လိုလုပ်မယ်ဆိုတဲ့အစီအမံတွေ ကြိုတင်ရေးဆွဲ ဇာတ်တိုက်လေ့ကျင့်ထားသင့်ပါတယ်။ မိုးလေဝသဌာနအနေနဲ့ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်လာနိုင်တဲ့ သတင်းတွေ၊ မုန်တိုင်းဖြစ်ပေါ်လာနိုင်တဲ့သတင်းတွေကို ပြည်သူတွေအချိန်နဲ့တစ်ပြေးညီသိရှိနိုင်ဖို့ ထုတ်ပြန်ပေးလျက်ရှိပါတယ်။


**မေး။ အယ်နီညိုနဲ့ လာနီညာအပေါ် ပညာရှင်တွေရဲ့ဝေဖန်သုံးသပ်မှုကို သိပါရစေ။**

ဖြေ။ ပညာရှင်တွေက အယ်နီညိုနဲ့ လာနီညာရာသီဥတုဖြစ်ပေါ်မှုတွေကို သမုဒ္ဒရာ ရေအေးစီးကြောင်းနဲ့ ရေနွေးစီးကြောင်းတွေကို တွက်ပြီးပြောဆိုကြတယ်။ ဒီနှစ်မှာ အယ်နီညိုအကျိုးသက်ရောက်မှုဟာ ပင်လယ်ရေမျက်နှာပြင် အပူချိန်ထက် ၂ ဒသမ ၃ အထိရောက်သွားတယ်။ အပူချိန်အားအကောင်းဆုံးဖြစ်တယ်။ စက်တင်ဘာလကုန်ပိုင်းမှာ လာနီညာဖြစ်ပေါ်လာနိုင်မှုအခြေအနေတွေဟာ ၇၅ ရာခိုင်နှုန်းသေချာတယ်လို့ နိုင်ငံတကာ မိုးလေဝသပညာရှင်တွေက သုံးသပ်ထုတ်ပြန်ထားကြတာကို တွေ့ရမှာဖြစ်ပါတယ်။

**မေး။ ပုံမှန်မဟုတ်တဲ့ရာသီဥတုဖြစ်စဉ်တွေမဖြစ်အောင် ဘာတွေလုပ်ဆောင်သင့်ပါသလဲ။**

ဖြေ။ ပုံမှန်မဟုတ်ဘဲ ပြင်းထန်တဲ့ရာသီဥတုတွေ ဖြစ်တယ်ဆိုတာ လူတွေရဲ့ပယောဂမကင်းပါဘူး။ လူတွေဟာ သဘာဝပတ်ဝန်းကျင်ကို စားဝတ်နေရေးအတွက်အသုံးပြုကြတယ်။ သစ်ပင်တွေ၊ စွမ်းအင်တွေ ပုံမှန်ထက်နည်းပါးလာတယ်။ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့တွေဟာ ကမ္ဘာ့လေထုထဲမှာ များလာတယ်။ ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်စေတယ်။ အဲဒီတော့ ကမ္ဘာကြီးဟာ ပူနွေးမှုတွေ၊ အအေးပိုတာတွေဖြစ်လာတယ်။ ဒါတွေမဖြစ်ပွားအောင် ကမ္ဘာ့ပြည်သူတွေအနေနဲ့ လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ရောက်ရှိမှုနည်းအောင်ဆောင်ရွက်ရမယ်။ သစ်တောတွေ၊ သစ်ပင်တွေများများစိုက်ရမယ်။ သဘာဝပတ်ဝန်းကျင်တွေကို ထိန်းသိမ်းကြရမှာဖြစ်ပါတယ်။

သတ္တဝါများတွင် လူသားတို့သည် စဉ်းစားဆင်ခြင်နိုင်မှုစွမ်းရည်အမြင့်မားဆုံးဖြစ်သည်။ ထိုမြင့်မားသော စွမ်းရည်များဖြင့် ကမ္ဘာ့ကျန်းမာရေးအခြေအနေဖြစ်သည့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များနည်းပါးစေရန် စွမ်းဆောင်ကြရမည်ဖြစ်သည်။ ထိုဆောင်ရွက်မှုများသည် ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရအဖွဲ့များနှင့် ပြည်သူများဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။ ။




ဥရောပရာသီဥတုနှင့် မိုးလေဝသဌာန၏ မုန်တိုင်းခန့်မှန်းချက်(မေလအတွင်း)။

❖ ကျောဖုံးမှ

အခုတော့မြင်တဲ့အတိုင်းပဲနေနေရတယ်။ မိုးကျရင်တော့ သွပ်ပြားငါးချပ်လောက်ဝယ်ပြီး တစ်ဖက်ရပ်တဲကလေး ထိုးမယ်။ ရောက်စတုန်းက တာလပတ်ကို အဖီချပြီး မြေကြီးပေါ်မှာပဲ လင်မယားနှစ်ယောက်နေကြတာပဲ။ ဒီနားက တစ်တန်းလုံးက ကျူးကျော်တွေကြီးပဲ။ သူ့ဟာသူ နားလည်မှုနဲ့ပဲနေကြတာပါ။ ခြံခတ်ထားတဲ့နေရာတွေမှာတော့ ဝင်နေလို့မရဘူး" ရန်ကုန်မြို့၏ အိမ်ငှားခဈေးနှုန်း ကြီးမြင့်မှုနှင့် အိမ်ငှားရန်အတွက် ခြောက်လစာ ကြိုတင်ငွေနှင့် စပေါ်ငွေများ ပေးချေရန် ငွေကြေးမတတ်နိုင်မှုတို့ကြောင့် ဦးသိန်းမြင့်နှင့် ကိုညိုမောင်ကဲ့သို့ပင် ရန်ကုန်မြို့ပေါ်တွင်ရှိနေသည့် လစ်လပ်မြေကွက်များ၊ မီးရထားသံလမ်းနှင့် မြစ်ချောင်းနံဘေး၊ စက်မှုဇုန်မြေ၊ စည်ပင်ပိုင်မြေနှင့် ပုဂ္ဂလိကပိုင်မြေနေရာများတွင် ကျောတစ်ခင်းစာအတွက် ကျူးကျော်များအဖြစ် နေထိုင်လျက်ရှိနေသည်။ ရန်ကုန်မြို့တွင် ကျူးကျော်သူများအဖြစ် လူဦးရေငါးသိန်းကျော်နေထိုင်နေကြသည်ဟု ခန့်မှန်းကြသော်လည်း ကျူးကျော်နေထိုင်သူများ၏ လူဦးရေနှင့် ကိန်းဂဏန်း အတိအကျကိုမူ ယနေ့အချိန်အထိ မသိရှိနိုင်သေးပေ။

ကျူးကျော်နေထိုင်သူအများစုမှာ တစ်နေ့တာ စားဝတ်နေရေးအတွက် သင့်တင့်လျောက်ပတ်သည့် ဝင်ငွေကို မိသားစုအတွက် ရှာဖွေနိုင်ကြသော်လည်း နေရေးကျောတစ်ခင်းစာအတွက် ရန်ကုန်မြို့၏ အိမ်ငှားခ၊ မြေငှားခကို ပေးချေရန် မတတ်နိုင်ကြသူများပင်။

ငါးပိုက်ဆွဲ၊ ကျောက်ထမ်း၊ သဲထိုး၊ ဘိလပ်မြေထမ်း စသည့် အလုပ်ကြမ်းသမားဘဝများဖြင့် ရန်ကုန်တွင် ကျင်လည်နေထိုင်သည့် ဦးသိန်းမြင့်၏ တစ်ရက်တာဝင်ငွေ ကျပ်တစ်သောင်းခန့်သည် မိသားစု ငါးဦးဝမ်းစာအတွက် စားသောက်နိုင်သော်လည်း နေစရာတစ်ခုကိုမူ ယနေ့တိုင် ပိုင်ဆိုင်ခွင့်မရခဲ့ပေ။ လက်ရှိတွင် ကျူးကျော် အများစု နေထိုင်ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိနေရာ တစ်ခုတွင် ဦးသိန်းမြင့် နေထိုင်နေခဲ့သည်မှာ နှစ်နှစ်ကျော် ခဲ့ပြီ ဖြစ်သည်။

နယ်ဝေးမှ ရန်ကုန်သို့ လာရောက် အခြေချ နေထိုင်သူများအတွက် ကျူးကျော်နေထိုင်ခြင်းသည် လွယ်ကူသည့် ကိစ္စရပ်တော့ မဟုတ်ပေ။ ၎င်းတို့ နေထိုင်မည့် ကျူးကျော် ဧရိယာတွင် ဆွေမျိုးနီးစပ်၊ မိတ်ဆွေကဲ့သို့ မျက်နှာသိ ရှိရန်လိုသည်။ ၎င်းတို့မှတစ်ဆင့် သက်ဆိုင်ရာ နယ်ပယ်များမှ လမ်းမှူးများ၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ ခွင့်ပန်ရန်လည်း လိုအပ်သည်။

ဦးသိန်းမြင့်အနေဖြင့် ၎င်းနေထိုင်မည့် ကျူးကျော် ရပ်ဝန်းတွင် ယခုကဲ့သို့ ကျူးကျော်အိမ်လေး မဆောက်နိုင်သေးခင် သူ့ထက်အရင် ရောက်ရှိနေပြီဖြစ်သည့် ခယ်မဖြစ်သူ၏အိမ်တွင် အဖီဆွဲကာ နှစ်ချီနေထိုင်ခဲ့ရသည်။ ရောက်ခါစ ရက်အနည်းငယ်အတွင်း ကျူးကျော်နေရာတွင် နေရာရှာ၍ တဲဆောက်ခဲ့သော်လည်း မနက်ပိုင်း ဆောက်ခဲ့သည့် ဝါးတဲငယ်ကို ညနေတွင် ရပ်ကွက်အာဏာပိုင်များက ဖျက်သိမ်းခိုင်းသဖြင့် ဖြိုဖျက်ခဲ့ရသည်ဟု ဆိုသည်။

"တစ်နှစ်လောက်ကြာတော့ လမ်းလူကြီးတွေကို ပြောပြီး ဆောက်တာရတယ်။ သုံးလေးသောင်းလောက်တော့ ပေးရတာပေ့ါ။ လစဉ်တော့ ပေးစရာမလိုပါဘူး။ ရောက်ခါစလေး အိမ်ဆောက်တဲ့အခါမှာပဲ ပေးရတာပါ" ဟု ဦးသိန်းမြင့်က ဆိုသည်။

"အုပ်ချုပ်သူတွေနဲ့ ကျူးကျော်သူတွေပေါင်းပြီး ကျူးကျော်တဲ့ ဖြစ်စဉ်တွေရှိခဲ့တာ ဟုတ်တယ်။ ဖြစ်တဲ့ ရပ်ကွက်တွေမှာလည်းဖြစ်ခဲ့တယ်။ ကျွန်တော့်အနေနဲ့တော့ ထုတ်ဖော်ပြောဖို့ မသင့်ဘူး။ လူစုလူဝေးနဲ့ အခမဲ့ ဝင်ရောက်နေထိုင်သူတွေရှိသလို ပါတီကြီးအချို့အမည်ခံပြီးဝင်နေတဲ့သူတွေ လည်းရှိတာပဲ" ဟု အမည်မဖော်လိုသူ အုပ်ချုပ်ရေးမှူးဟောင်းတစ်ဦးက ဝန်ခံသည်။

လက်လုပ်လက်စားနှင့် ဆင်းရဲနွမ်းပါးသူများအတွက် လျှပ်စစ်မီးမရှိ၊ သန့်ရှင်းသော သောက်သုံးရေမရရှိ၊ အိမ်သာမပါရှိသည့် ဝါးထရံကာတာလပတ်မိုး ဆယ်ပေပတ်လည် တဲခန်းတစ်ခန်းသည်ပင်လျှင် ရန်ကုန်မြို့၌ အနည်းဆုံးသော ငှားရမ်းခနှုန်းသည် တစ်လလျှင် ငွေကျပ် သုံးသောင်း ပေါက်ဈေး ရှိနေသည်။ ထိုကဲ့သို့သော အိမ်များသည်ပင်လျှင် အိမ်ရှင်များအနေဖြင့် မိသားစု လေးဦးထက်ပိုမိုပါရှိသူများအား အိမ်ငှားရန် ငြင်းဆိုကြသည့်အတွက် မိသားစုများများ နေထိုင်နိုင်သည့် ကျူးကျော်တဲများသည် လက်လုပ်လက်စား လူတန်းစားအတွက် အဖြေတစ်ခု ဖြစ်လာနေသည်။

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်း အရာ သန်ခေါင်းစာရင်း အချက်အလက်များအရ ကျူးကျော်နေထိုင်သူ အများဆုံးရှိရာ လှိုင်သာယာမြို့နယ်တွင်အိမ်ထောင်စု(စုစုပေါင်း) ၁၄၈၇၁၁ ရှိသည့်အနက် အိမ်ပိုင်ရှိသူအိမ်ထောင်စုပေါင်း ၅၈၆၆၆ စု ၊ အိမ်ငှားဖြင့် နေထိုင်ရသည့် အိမ်ထောင်စု ၈၁၃၇၈ ၊ မိဘ၊ ယောက္ခမ၊ ဆွေမျိုး၊ မိတ်ဆွေများထံတွင် နေထိုင်ရသည့်အိမ်ထောင်စု ၂၀၉၇ စု ၊ အစိုးရဝန်ထမ်းအိမ်ရာတွင် နေထိုင်ရသူ အိမ်ထောင်စု ၁၀၆၆ စု၊ ပုဂ္ဂလိက ဝန်ထမ်းအိမ်ရာတွင် နေထိုင်သူ အိမ်ထောင်စု ၁၉၄၁ နှင့် အိမ်ပိုင်၊ အိမ်ငှား၊ ဝန်ထမ်းအိမ်ရာ၊ မိဘဆွေမျိုးများမဟုတ်ဘဲ အခြားနေရာများတွင်နေထိုင်သူ အိမ်ထောင်စု ၃၅၆၃ စု ရှိကြောင်း ဖော်ပြထားသည်။ အိမ်ထောင်တစ်စုလျှင် ပျမ်းမျှ လူဦးရေ ၄ ဒသမ ၄ ဖြင့်တွက်ချက်ထားခြင်း ဖြစ်သည်။ ရန်ကုန်မြို့တွင် နေထိုင်နေကြသည့် ကျူးကျော် အိမ်ထောင်စုများ၏ ကိန်းဂဏန်းအတိအကျကိုမူ ဖော်ပြနိုင်ခြင်းမရှိပေ။

**ကျူးကျော်သူများနှင့် ကျူးကျော်တဲများ ပေါ်ပေါက်ရခြင်းအကြောင်းရင်း**

ကျူးကျော်အခြေချ နေထိုင်သူများသည် ရန်ကုန်မြို့တွင် ယခင်ကတည်းက ရှိနှင့်နေပြီးသား ဖြစ်သော်လည်း ၂၀၀၈ ခုနှစ် မေလတွင် မြန်မာနိုင်ငံ အောက်ပိုင်း၌ ဖြစ်ပွားခဲ့သော ဆိုင်ကလုံးမုန်တိုင်း(နာဂစ်) ကြောင့် ဧရာဝတီတိုင်းဒေသကြီးတွင် လူပေါင်းများစွာ၊ တိရစ္ဆာန်ပေါင်းများစွာ၊ လယ်ယာမြေပေါင်းများစွာနှင့် ငါးဖမ်းလုပ်ငန်းများ အခြားစီးပွားရေးလုပ်ငန်းများ ဆုံးရှုံးခဲ့ရပြီး ရန်ကုန်လှိုင်သာယာ



ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်အတွင်းရှိ ကျူးကျော်အိမ်နေရာအား တွေ့ရစဉ်။

နှင့် ရွှေပြည်သာ စက်မှုဇုန်များသို့ ဧရာဝတီတိုင်းဒေသကြီး အတွင်း နာဂစ်ဒဏ်ခံရသည့် ဒေသများမှ ပိုမိုများပြားစွာ ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

ယင်းအပြင် မြန်မာပြည် ဒေသတချို့တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးနည်းရေရှား ဒေသများမှ လယ်ယာလုပ်ငန်းကို စွန့်ခွာလာကြသူများ၊ စစ်ဘေးရှောင် ဒေသများမှ အလုပ်လုပ်ကိုင်ရန်နှင့် ခိုလှုံရန် ဝင်ရောက်လာကြသူများကြောင့် ရန်ကုန်သည်ပြည်တွင်းရွှေ့ပြောင်းလုပ်သားများအတွက် တစ်သက်တာ အခြေချနေထိုင်စရာ နေရာတစ်ခုအဖြစ် တည်ရှိနေပြီဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ပြုလုပ်ခဲ့သော သုတေသနစစ်တမ်းများအရ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ရန်ကုန်သို့ ရွှေ့ပြောင်းလာကြသူများအနက် အမျိုးသမီးဦးရေက အမျိုးသားဦးရေထက် ပိုမိုများပြားကြောင်းဖော်ပြထား သည်။ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်အဆိုပါတိုင်းဒေသကြီးနှစ်ခုမှ ရန်ကုန်သို့ အမျိုးသမီးများ ပိုမိုပြောင်းရွှေ့လာကြခြင်းမှာ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာသင်ကြားရန် အခွင့်အရေး ပိုမိုရရှိသောကြောင့် ဖြစ်သည်။

ပညာရေးကဏ္ဍ၌သာမကဘဲ အမျိုးသမီးများအတွက် အထည်ချုပ်စက်ရုံများနှင့် အခြားလုပ်ငန်းများ ၁၂ ရာသီပတ်လုံး အလုပ်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်း ရရှိနိုင်သည့် ရန်ကုန်သည် မြန်မာတစ်နိုင်ငံလုံးတွင်ရှိသော ဒေသအသီးသီး၏ ပြည်တွင်းရွှေ့ပြောင်းလုပ်သားအများဆုံးတည်ရှိရာ နေရာဖြစ်လာသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ အရေအတွက် များပြားခြင်း၊ လူဦးရေသိပ်သည်းဆ မြင့်မားခြင်းနှင့် မြို့ပြလူဦးရေ အချိုးအစား မြင့်မားခြင်းတို့သည် အခြား တိုင်းဒေသကြီး/ပြည်နယ်များမှ အလုပ်အကိုင်နှင့် လူမှုစီးပွားရေး အခွင့်အလမ်းများအတွက် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာကြခြင်းဖြစ်ကြောင်း ၂၀၁၄ ခုနှစ် မြန်မာ နိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ထုတ်ပြန်ချက်က သုံးသပ်ထားသည်။

**ကျူးကျော်နေထိုင်ကြသူများအပေါ်တွင် စီးပွားရေးအရ အမြတ်ထုတ်ကြသူများ**

ကျူးကျော်အဖြစ် တဲဆောက်နေထိုင်နိုင်ပြီဖြစ်သော ဦးသိန်းမြင့်၏ မိသားစုအတွက် ထောင့်ငါးရာတန် မိုဘိုင်းဆင်းကတ်ထည့်သွင်းထားသည့် တယ်လီဖုန်းများ၊ အပန်းဖြေ ကိုရီးယားဇာတ်လမ်းတွဲ ကြည့်ရှုနိုင်မည့် ရုပ်မြင်သံကြားစက်နှင့် ညပိုင်းအလင်းရောင်တို့အတွက် လျှပ်စစ်မီးရရှိရန် လိုအပ်လာသည်။ ဒီဇယ်၊ ဓာတ်ဆီသုံး မီးစက်ဖြင့် မောင်းနှင်ရောင်းချသူများထံမှ လိုအပ်သော လျှပ်စစ်မီးကို တစ်ရက်စာ ငွေကျပ် ၅၀၀ ရှိလျှင် ဦးသိန်းမြင့် ရရှိနိုင်မည် ဖြစ်သည်။

"လျှပ်စစ်မီးတော့ မရှိဘူး။ ငွေကျပ် ၁၅၀ ပေးရတဲ့ မီးရှိတယ်။ မီးစက်နဲ့ပေးတာ။ အခုတော့ TVရှိရင် ငွေကျပ် ၅၀၀ ပေးရတယ်။ ည ၆ နာရီကနေ ၁၀ နာရီထိပါ" ဟု ဦးသိန်းမြင့်က ပြောသည်။

ယခုကဲ့သို့ မီးစက်မောင်းကာ လျှပ်စစ်မီး ရောင်းချသူများသာမက နေ့ပြန်တိုးဖြင့် ငွေချေးကြသူများ၊ အပေါင်ပစ္စည်းလက်ခံကာ ငွေချေးငှားသူများပါ ကျူးကျော် ရပ်ဝန်းတွင် ဝင်ရောက်နေထိုင်ပြီး ကျူးကျော်များအပေါ် မှီခိုကာ စီးပွားရှာနေကြသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၆၉ ရပ်ကွက်တွင် ၂၀၁၁ မှ ၂၀၁၂ အထိ ရပ်ကွက်အုပ်ချုပ်ရေးမှူးတာဝန်ယူခဲ့သူ ဦးစိုးလှိုင်က "တချို့ကတော့နေစရာမရှိလို့လာနေကြတာ။ တချို့ကတော့ စီးပွားရေးသမားတွေက ကျူးကျော်ပြီးအမြတ်ထုတ်ချင်ကြတာ။ ကျူးကျော်တွေက ဆင်းရဲနွမ်းပါးကြတော့ ဒီနေရာမှာ ငွေအတိုးပေးစားမယ့်သူတွေက ကျူးကျော်အကွက်တွေကို ဝယ်ယူပြီး ဝင်နေတာမျိုး၊ ပြန်ငှားစားတာမျိုးရှိတယ်။ ကျူးကျော်တွေအပေါ် မှီပြီး စီးပွားရှာချင်တဲ့သူတွေကလည်း သူတို့နဲ့အတူ လိုက်ကျူးကျော် နေထိုင်တာတွေရှိတယ်။ ဥပမာ. . ကျူးကျော် (၁၀) အိမ်ဟာ တခြားမှာ ထပ်ကျူးကျော်ဖို့သွားရင် သူတို့ကို မှီပြီး စီးပွားရှာနေတဲ့ အိမ် (၂၀) လောက်က သူတို့နဲ့အတူ လိုက်ပြီး ပြောင်းရွှေ့သွားတာမျိုးပါ" ဟု သူ၏ အတွေ့အကြုံကို ပြောပြသည်။

**ရန်ကုန်ရှိစက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများက တိုင်းဒေသကြီးဝန်ကြီးချုပ်အား ကျူးကျော်ပြဿနာအရေး ဖြေရှင်းပေးရန် တောင်းဆို**

ပြီးခဲ့သည့် ဧပြီလ နောက်ဆုံးပတ်ကကုန်သည်/စက်မှုအသင်းချုပ်တွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စက်မှုဇုန်ဖွံ့ဖြိုးရေး ကော်မတီ ဥက္ကဋ္ဌများနှင့် လုပ်ငန်းရှင်များတွေ့ဆုံကာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးပွဲတွင် စက်မှုဇုန်ကိုယ်စားလှယ်များက စက်မှုဇုန်အတွင်း ကျူးကျော်နေထိုင်သူများနှင့် ပတ်သက်၍ အဓိကထား ဖြေရှင်းပေးရန် ဝန်ကြီးချုပ်အား တောင်းဆိုခဲ့ကြသည်။

လုပ်ငန်းရှင်များက "ကျူးကျော်တဲတွေကို တစ်နည်းနည်းနဲ့ ဖြေရှင်းပေးပါ။ ပြီးခဲ့တဲ့ တစ်လလောက်က ဘောလုံးကွင်းထဲမှာ တစ်ညတည်း တဲအလုံး ၂၀ ကျော် လာဆောက်တယ်။ ကျွန်တော်တို့က သက်ဆိုင်ရာကို စာပို့တယ်။ အခု တဲအလုံးလေးဆယ် ကျော်သွားပြီ။ တိုးလာတာကို ကျွန်တော်တို့က အာဏာပိုင် အဖွဲ့အစည်းကို အကြောင်းကြားတယ်။ ကျွန်တော်တို့က သွားပြီး ဖျက်လို့မရဘူး။ အုပ်ချုပ်မှုယန္တရားမှာ နိုင်ငံတော်က မလုပ်ပေးဘဲ ဘာမှ လုပ်လို့မရဘူး"ဟု တင်ပြသည်။

နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ စက်မှုဇုန်သို့ လာရောက် ကြည့်ရှုကြသောအခါ စက်မှုဇုန်အတွင်းနှင့် အနီးအနားပတ်လည်ရှိ ကျူးကျော်တဲများသည် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် အနှောင့်အယှက် ဖြစ်လာနေသည်ဟု လုပ်ငန်းရှင်များက ပြောကြသည်။ ထို့အပြင် ရာချီနေသည့် ဆယ်ပေပတ်လည် ဝါးတဲ အိမ်လေးများ တစ်ခုနှင့်တစ်ခု ထိကပ်တည်ရှိနေခြင်းသည် အချိန်မရွေး မီးဘေးအန္တရာယ်ဖြစ်ပေါ်လာစေနိုင်သည်။ ယင်းလို အိမ်သာနှင့် သန့်ရှင်းသော သောက်သုံးရေ မရရှိနိုင်မှုကလည်း ကျူးကျော်နေထိုင်သူများတွင် ဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများ အချိန်မရွေး ဖြစ်ပေါ်ကူးစက်ပျံ့နှံ့နိုင်သည်ဟု လုပ်ငန်းရှင်များက ထောက်ပြကြသည်။

လုပ်ငန်းရှင်များသည် ၎င်းတို့ဝယ်ယူထားကြသည့် စက်ရုံမြေကွက်များပေါ်တွင် ကျူးကျော်များ ရောက်ရှိအခြေချလာကြပါက နှင်ထုတ်ရန်ခက်ခဲခြင်း၊ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် လျော်ကြေးတောင်းဆိုမှုများ၊ ဆန္ဒပြပွဲများကိုလည်း လုပ်ငန်းရှင်များက စိုးရိမ်၍ ရှောင်ရှားလိုကြသည်။

**ကျူးကျော်ပြဿနာကို တန်ဖိုးနည်းအိမ်ရာများ အကောင်အထည်ဖော်၍ ဖြေရှင်းနိုင်မလား**

စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာလုပ်ငန်းရှင်များကတော့ လက်ရှိတွင် စက်မှုဇုန်အတွင်း ကျူးကျော်ပြဿနာကို တန်ဖိုးနည်းဝန်ထမ်းအိမ်ရာများ တည်ဆောက်၍ ဖြေရှင်းနိုင်ရန် ကြိုးပမ်းလျက်ရှိနေသည်။ ၎င်းတို့ ဆောက်လုပ်ပေးနိုင်စွမ်းရှိသည့် တန်ဖိုးနည်းအိမ်ရာ အရေအတွက်သည် ရန်ကုန်မြို့တွင် အမှီပြုနေထိုင်နေကြသည့် ကျူးကျော်အရေအတွက်နှင့် နှိုင်းယှဉ်ပါက မြူမှုန်မျှသာပင်။

လုပ်ငန်းရှင်များအနေဖြင့် ကျူးကျော်များကို ၎င်းတို့၏ စက်ရုံမြေနေရာများအတွက် အနှောင့်အယှက်ပြုသူများအဖြစ် သတ်မှတ်ကြသော်လည်း တစ်ဖက်တွင် ကျူးကျော်အဖြစ် နေထိုင်နေရသူများသည် ၎င်းတို့၏ စက်ရုံများတွင် ကျွမ်းကျင်လုပ်သားများအဖြစ် လုပ်ငန်းခွင်သို့ အရေအတွက် အတော်များများ ဝင်ရောက်လုပ်ကိုင်လျက် ရှိနေကြပြန်သည်။ ထို့ကြောင့် ကျူးကျော်များကို ရန်ကုန်မြို့ပြင်ပဧရိယာသို့ ပြန်လည် နေရာချမည်ဆိုပါက စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင်နေသည့် ကျွမ်းကျင်လုပ်သား အရည်အတွက်လည်း အနည်းနှင့် အများဆိုသလို ကျဆင်းသွားနိုင်ပေသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ကျွမ်းကျင်လုပ်သားနှင့် ပတ်သက်၍ လုပ်ငန်းရှင်များ အနေဖြင့် အခက်အခဲများ ကြုံလာရဖွယ်ရှိနေသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေများပြားခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အလုပ်လက်မဲ့ပြဿနာ၊ အိမ်ရာပြဿနာ၊ လူဦးရေ ထူထပ်မှု၊ အကြမ်းဖက်မှုများနှင့် အထွေထွေဒုစရိုက်များ၊ လေထုညစ်ညမ်းမှု၊ သယ်ယူပို့ဆောင်ရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပြဿနာများအတွက် မူဝါဒများ၊ ဖွံ့ဖြိုးမှုဆိုင်ရာ အစီအစဉ်များ၊ အရေးပေါ် ချမှတ်ရန်လိုအပ်ကြောင်း တွေ့ရှိရသည်ဟု ၂၀၁၄ သန်းခေါင်စာရင်း အစီရင်ခံစာက အကြံပြုထားသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူးဟောင်း ဦးစိုးလှိုင်က "တကယ်မရှိတဲ့သူတွေကိုတော့ သင့်တင့်လျောက်ပတ်တဲ့ နေရာတွေမှာ သေချာစိစစ်ပြီး နေရာ ထိုင်ခင်းချပေးနိုင်ရင်တော့ ကျူးကျော်ပြဿနာကို ဖြေရှင်းနိုင်မယ်။ သေချာစိစစ်ဖို့လိုတယ်။ အမှန်တကယ် မရှိတဲ့သူကို ဖော်ထုတ်နိုင်ဖို့လိုတယ်။ သူတို့ကို နေစရာ ဖန်တီးပေးနိုင်ရင် နောက်ထပ်မကျူးကျော်နိုင်အောင် တားဆီးနိုင်မယ်။ မဟုတ်ရင် တစ်နေရာမှာ ဖယ်ရှားလိုက်တာနဲ့ နောက်ထပ်လွတ်နေတဲ့ မြေနေရာတွေမှာ သူတို့က ထပ်ပြီးကျူးကျော်မယ်။ ဒီလူတွေအပေါ် မှီပြီး စီးပွားရှာချင်တဲ့သူတွေကလည်း သူတို့နဲ့ အတူလိုက်ပြီး ကျူးကျော်နေထိုင်မယ်။ အခု ရှိနေပြီးသား ကျူးကျော်တွေကို လက်ရှိနေရာကနေ ဆွဲထုတ်လိုက်တာဟာ အဖြေမဟုတ်ဘူး။ အင်အားက များတဲ့အတွက် တားမြစ်ဖို့ဟာ မလွယ်ကူဘူး"ဟု သူ၏ အမြင်ကို ပြောသည်။

လက်ရှိ ကျူးကျော်များ နေထိုင်နေကြသည့် နေရာများတွင် အရေအတွက် ထပ်မံမတိုးလာအောင် သက်ဆိုင်ရာရာအိမ်မှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက တားဆီးရန် တာဝန်ရှိကြောင်း၊ ရပ်ကွက်တစ်ခုတွင် ကျူးကျော်နေထိုင်သူများ တိုးပွားလာမှု၏ ကနဦး တာဝန်ရှိသူမှာ

စာမျက်နှာ ၁၀ သို့»

# ပြည်သူလူထုဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းများအောင်မြင်ရေး ဆွေးနွေး



**တောင်ကြီး မေ ၁၄**
ရှမ်းပြည်နယ် တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၏ ဝန်ဆောင်မှုကိုရှေးရှုကာ ရဲလုပ်ငန်းဆိုင်ရာများနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းတင်ပြခြင်းကို မေ ၈ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြည်သူလူထုနှင့် ပိုမိုထိတွေ့ဆက်ဆံမှုရှိစေရေးအတွက် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများ၊ ရဲလုပ်ငန်းစနစ်များ၊ အကောင်အထည်ဖော် ဆောင်ရွက်အောင်မြင်အောင် ကြိုးပမ်းသွားနိုင်ရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးတို့ကို ရဲတပ်ဖွဲ့ဝင်တစ်ဦးချင်းအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ရဲတပ်ဖွဲ့ဝင်များနှင့်အတူ လက်တွဲပူးပေါင်းပါဝင်စေလိုကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနေသော နေရာများအား ကယ်ဆယ်ရေးအပိုင်းကို ဆောင်ရွက်နေသည့်အပြင် တစ်ချိန်တည်းမှာပင် လုယက်မှု၊ မှုခင်းဖြစ်ပွားမှု၊ ပဋိပက္ခများ မဖြစ်စေရန် လုံခြုံရေးအပိုင်းကိုလည်း ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အကျင့်ပျက်ခြစားမှုများသည် ရဲတပ်ဖွဲ့၏ တရားမျှတစွာထမ်းဆောင်နေသောတာဝန်ဆောင်ရွက်မှုလမ်းကြောင်းကို သွေဖည်စေသည့်အတွက် အကျင့်ပျက်ခြစားမှုမှန်သမျှကို မိမိကိုယ်တိုင်ကျူးလွန်ခြင်းမပြုရုံသာမက ပြင်းပြင်းထန်ထန်ဆန့်ကျင်ရမည်ဖြစ်ကြောင်း၊ မီဒီယာများမှတစ်ဆင့် ပြည်သူလူထုကို အသိပေးခြင်းသည် ပွင့်လင်းမြင်သာမှုဟူသော တောင်းဆိုမှုကို ဖြည့်ဆည်းပေးနိုင်သည့်အတွက် ရဲတပ်ဖွဲ့နှင့် မီဒီယာဆက်ဆံမှုကို တိုးမြှင့်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယရဲချုပ်က ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးခြင်းနှင့် ပတ်သက်၍ဆွေးနွေးခြင်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်အောင်က ရက်(၁၀၀)အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းကာကွယ်ရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများကို သိသာထင်ရှားစွာဖြင့် ထိရောက်အောင်မြင်အောင် ဆောင်ရွက်မည့်စီမံချက်များကို ရှင်းလင်းတင်ပြကြပြီး ရှမ်းပြည်နယ် တရားလွှတ်တော်၊ တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က ဖြည့်စွက်အမှာစကားပြောကြားပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပအိုဝ်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်၊ ရဲမှူးချုပ် သိန်းဦး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားအဖွဲ့များ၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့မှူးများ၊ ရပ်မိရပ်ဖများ၊ NGO/ INGO များ၊ သတင်းမီဒီယာများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဇော်မျိုးနိုင်)**

## အိမ်

❖ အိမ်တစ်လုံးကောင်းဖို့အတွက်
ခေါင်ကမလုံရင်
တစ်အိမ်လုံး မိုးယိုမယ်ဆိုပြီး
အမိုးလေးအသစ်ပြောင်းရုံလောက်နဲ့တော့မရ။
❖ ခြတွေစားနေတဲ့ အောက်ခြေကတိုင်
ကြမ်းခင်းတွေကလည်း မခိုင်ဘူးဆွေးနေပြီ
ဒီတော့-
အိမ်တစ်ခုလုံးကောင်းဖို့ဆိုရင်
ခေါင်ကအစ
ကြမ်းကအလယ်
အောက်ခြေတိုင်အဆုံး
အားလုံးပြောင်းကြ၊
ဝိုင်းကြ ဝန်းကြ
ပြိုင်တူပြောင်းမှ အိမ်ကောင်းရ။

**ဗအုပ်ခိုင်**

# ၂၀၁၆ ခုနှစ် မြန်မာ့သရက်သီးပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



**ရန်ကုန် မေ ၁၄**
မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူးကျင်းပသော ၂၀၁၆ ခုနှစ် မြန်မာ့သရက်သီးပွဲတော်ကို ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းရှိ ရွှေပုစွန်အဒေးနှင့် ကိတ်မျိုးစုံဝင်း၌ကျင်းပရာ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးအောင်အောင်က "ဒီပြပွဲက တတိယအကြိမ်ပြုလုပ်တဲ့ပြပွဲပါ။ ပြပွဲမှာပြတဲ့ သရက်သီးအမျိုးအစားအဆန်းတွေကို အများပြည်သူတွေ၊ စိတ်ပါဝင်စားသူတွေ၊ စိုက်ပျိုးထုတ်လုပ်သူတွေ အားလုံးတစ်စုတစ်စည်းတည်း လေ့လာလို့ရအောင် ထားရှိထားပါတယ်။

"ပြီးတော့ စီးပွားရေးစကားဝိုင်းတွေမှာလည်း ပညာရှင်တွေရဲ့ စာတမ်းဖတ်ပွဲတွေ ထည့်သွင်းထားပါတယ်။ တချို့တွေကျတော့လည်း အိမ်တွေမှာ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြတာရှိနေတော့ သူတို့တွေလည်း လာရောက်လေ့လာလို့ရအောင် ဒီပြပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်။ သရက်သီးပြကွက် ပြိုင်ပွဲမှာလည်း ကိုယ်တိုင်စိုက်ပျိုးကြသူတွေပဲ ဝင်ရောက်ယှဉ်ပြိုင်ကြတာပါ။ ဒီလိုပြပွဲတွေ ပြုလုပ်လိုက်ခြင်းအားဖြင့် တောင်သူအချင်းချင်းနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအချင်းချင်း တွေ့ဆုံနိုင်ကြပြီး အတွေ့အကြုံတွေလည်း ဖလှယ်လို့ရကြတဲ့အတွက် များစွာအကျိုးရှိပါတယ်" ဟု ပြောသည်။

သရက်သီးပြကွက်ပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသူအား ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ဆွတ်ခူးရရှိသူအား ငွေကျပ်နှစ်သိန်း၊ တတိယဆုဆွတ်ခူးရရှိသူအား ငွေကျပ်တစ်သိန်းခွဲနှင့် နှစ်သိမ့်ဆုဆွတ်ခူးရရှိသူအား ငွေကျပ်တစ်သိန်းစီကို သရက်သီးအမျိုးအစားအလိုက် တာဝန်ရှိသူများက ချီးမြှင့်ခဲ့ပြီး သရက်သီးအမျိုးအစားများမှာ စိန်တလုံး၊ မြကျောက်၊ ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြားငမောက်၊ အခြားသရက်(ပြည်တွင်း)မျိုးနှင့် အခြားသရက်(ပြည်ပ)မျိုးတို့ပါဝင်ကြောင်း သိရသည်။

ပတ္တမြားငမောက်အမျိုးအစားသရက်သီးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ပထမဆု ဆွတ်ခူးရရှိခဲ့သည့် ဗဟန်းမြို့နယ် ဦးဘိုးသာလမ်းမှ ခတ်ပုံဆရာ မန်းတက္ကသိုလ် ဦးနေမျိုးဝင်းက "ကျွန်တော်နေတဲ့အိမ်ရာဝင်း လေးထဲမှာပဲ သရက်သီးပင်ကို စိုက်ပျိုးခဲ့တာပါ။ ရှိတဲ့နေရာလေးမှာပဲ ဖြစ်သလိုစိုက်ပျိုးပြီး ပထမဆုရတာ ကိုယ့်ကိုယ်ကို ဂုဏ်ယူပါတယ်။ သူများတွေလို ခြံကြီးတွေနဲ့ စိုက်ပျိုးတာ မဟုတ်ပါဘူး။ ဒါကြောင့် ပထမအကြိမ် ဝင်ရောက်ယှဉ်ပြိုင်တာမှာ ပထမဆုကို ဆွတ်ခူးရရှိခဲ့လို့ ဂုဏ်ယူပါတယ်"ဟု ပြောသည်။

ပြပွဲအတွင်း သရက်သီးအမျိုးအစားပေါင်း ၁၀၀ ကျော်ကို မေ ၁၃ ရက်မှ ၁၅ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ပြကွက်ဆိုင်ခန်းပေါင်း ၃၀ နီးပါးအထိ ထားရှိမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ပြိုင်ပွဲဝင်ဦးရေ ၁၀၀ ခန့်သာရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်၌ သရက်သီးအမျိုးအစားအလိုက် ပြိုင်ပွဲဝင်ဦးရေ ၁၈၅ ဦးအထိ စံချိန်တင်များပြားခဲ့ကြောင်းနှင့် မြန်မာ့သရက်သီးပွဲတော်ကို နှစ်စဉ်ကျင်းပသွားရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းမှ သိရသည်။

**(စိုးဝင်း-MLA)**



# အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

**ကလေး မေ ၁၄**
ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်သည့် (၁၉) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်မှ ကျောင်းသားကျောင်းသူ ၅၇ ဦးက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ပါဝင်ယှဉ်ပြိုင်ကြပြီး ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်မှ ကျောင်းသားကျောင်းသူ ၁၈ ဦးတို့က KMD-3 ကွန်ပျူတာသင်တန်းခန်းမ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

**(ဂျိုးနက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပေးဟောပြော

**ချောင်းဆုံ မေ ၁၄**
မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းသိရှိကာ ယာဉ်အန္တရာယ်ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပေးဟောပြောခြင်းနှင့် ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများကို မတ် ၁၄ ရက် နံနက် ၈ နာရီက ချောင်းဆုံရွာ ဝင်ကလုံဘုရားဝင်း မဏ္ဍပ်၌ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၅ - ၅ -၂၀၁၆ (တနင်္ဂနွေနေ့)]

### Entertainment Channel

၆း၀၀ အဖွင့်
-မိုးလေဝသအစီအစဉ်
-မြိတ်-ကော့သောင်းခရီးစဉ်
(အပိုင်း -၁)
၆း၃၀ တေးဂီတအစီအစဉ်
၆း၅၀ မြန်မာဗီဒီယိုဇာတ်လမ်း
“မီးပြတိုက်နှင့် ညပင်လယ်”
၈း၅၀ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၀၀ အနုပညာမှ ပရဟိတသို့
(အပိုင်း-၁)
၉း၂၀ တေးဂီတအစီအစဉ်
၉း၄၀ မြန်မာရုပ်ရှင်
“နယူးမော်ဒယ် ”
၁၂း၀၀ အစီအစဉ်ပြီး၏။

မွန်းလွဲ(၃း၃၀)-Live:တတိယနေရာလုပွဲ
ညနေ(၅း၃၀) Live:ဗိုလ်လုပွဲ
ည (၈း၃၀) Live: Arsenal Vs Aston Villa

**တစ်နေ့(၆)နာရီစာ ၄ ကြိမ်ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၄၀ “မိမိသည်သာ အားကိုးရာ” တရားတော်(ဆရာတော် အရှင်တိက္ခသာရ(သီတဂူ))
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၆၂)
၇း၃၀ MRTV-4 သတင်း
၈း၅၅ Weekly Sports Diary
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၁၁၀)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ Star တို့ရဲ့ လက်ရာ
၁၁း၂၀ ရန်ကုန်မြင်ကွင်းကျယ်(8th ASEA Puppet Exchange(APEX)
၁၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၇၉+၈၀)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံကံ၏အကျိုး” [စိတ်ဆိုသည်မှာ (အပိုင်း-၃)]
၂း၅၀ ရန်ကုန်မြင်ကွင်းကျယ် (ရှမ်းမြောက်ဒေသရှိ စစ်ဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေရှာဖွေပွဲအခမ်းအနား )
၃း၄၀ Healthy Life (သွေးတိုးရောဂါအကြောင်း)
၅း၃၀ လောကသရဖူအတုလမာရ်အောင်မြတ်စွာဘုရားကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားနှင့် တန်ခိုးကြီးမားညောဝတီစေတီပုထိုးများ[ရသေ့တောင်ခရီးနှင့်ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ (အပိုင်း-၂)]
၅း၄၀ ရန်ကုန်မြင်ကွင်းကျယ်
-Unicity make life better Myan-mar
-မြန်မာနိုင်ငံ၏ သစ်အချောထည်လုပ် စက်ပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဆိုင်ရာစက်မှု လုပ်ငန်းပြပွဲကြီး
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူသည်သာ” (အပိုင်း-၆၃)
၇း၁၅ Fashion Week
၇း၃၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ “ကံကံ၏အကျိုး”[အသည်းစားဘုရင်မ (အပိုင်း-၁)]
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အိမ်ရှင်မတို့ချစ်စကား” (အပိုင်း-၁၁၁)
၉း၀၅ Miss Now How 2016 Beauty Contest
၁၁း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အသက်ကလေးရယ်ရှည်စေလို” (အပိုင်း-၈၁+၈၂)
၀၀း၄၅ MRTV-4 Stage
၁း၁၀ World of Knowledge (Banged Up Abroad Daredevil Drug Runner)

### MWD

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၇း၂၀ သင့်အတွက်တစ်နေ့တာ
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၃၅ မြဝတီနေ့စဉ်သတင်း
၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၁း၀၀ English For Myanmar
၁၁း၁၅ Lucky Door
၁၁း၅၀ တစ်ပတ်အတွင်းပြည်တွင်းသတင်း
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အလင်းရောင်တွေရဲ့လှပမှု
၁၃း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မေတ္တာအသချေ အပိုင်း(၆၁)
၁၄း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄း၅၅ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဖေဖေကြီးကိုချစ်တယ် အပိုင်း(၂၁)
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ချစ်သောဧကရီ အပိုင်း(၂၉)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ပဟေဠိနန်းတော်
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ချစ်မျက်ရည်သက်သေတည်” အပိုင်း(၂၃)
- မြဝတီရုပ်မြင်သံကြားသတင်း
- တရားတော်

### mitv

07:26 Sayit-Wyne Girls
07:48 Myanmar Charitable Labour Association
08:26 Geographic Center of Myanmar
08:45 Toddy Palm Product Shop
09:26 Wonderful Indonesia (Electronic Media Trip)
10:25 A Chance to Change Their Future
10:43 A Happy Visit to Zoological Garden (Nay Pyi Taw)
07:27 Snow Flakes…Scenic Confluence…To Kachin State
07:49 Today Myanmar "Earthquake Awareness"
08:26 Sai Htee Hseng Or An Exceptional Music Star From Shan Plateaus(Ep-2)

# ဘုရင့်နောင်၏ အချစ်ဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသည့် ရဲရင့်သူ၏ နှလုံးသား ဇာတ်လမ်းတွဲမှ ထိုင်းမင်းသား Film Rattapoom Toekongsap မြန်မာနိုင်ငံသို့ ရောက်ရှိ



ဘုရင့်နောင်၏ အချစ်ဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသည့် ရဲရင့်သူ၏ နှလုံးသား ဇာတ်လမ်းတွဲမှ ထိုင်းမင်းသား Film Rattapoom Toekongsapသည် မြန်မာနိုင်ငံသို့ မေ ၁၃ ရက် နံနက်ပိုင်းက ရောက်ရှိခဲ့ပြီး ယနေ့ ညနေပိုင်းတွင် Novotel ဟိုတယ်၌ မီဒီယာများနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံမှမင်းသားနှင့်အတူ ဗီယက်နမ်မှ အနုပညာရှင်များဖြစ်သော မစ္စတာ လောင်သဲထန်၊ မစ္စတာ ငုရင်ဗိုထိဗိုင်၊ မစ္စ ငုဘာအိုထရင်း၊ မစ္စတာ ဖန်သန်သူစ်၊ မစ္စ ဗိုယောင်ါနူဖူစ်တို့ အတူတကွ လာရောက်ခဲ့ခြင်းဖြစ်သည်။

လာရောက်ရခြင်းမှာ MWD documentary channel မှ မေ ၁၇ ရက်တွင် ထုတ်လွှင့်ပြသမည် ရဲရင့်သူ၏ နှလုံးသားဇာတ်ကားအပြင် မြဝတီရုပ်သံလိုင်းတွင် ပြသလျက်ရှိသော ချစ်ဦးပုံပြင်နှင့် အကြင်နာပန်းကလေးတစ်ပွင့် ဇာတ်ကားတို့ဖြင့် ပရိသတ်များ အားပေးမှုကို တစ်ခဲနက်ရရှိခဲ့ သောကြောင့်ဟု သိရသည်။

“ကျွန်တော့်ရဲ့ ဇာတ်လမ်းတွေကို မြန်မာပရိသတ်တွေအနေနဲ့ အားပေးကြတာကြားရတော့ ကျွန်တော်အလွန်ဝမ်းသာပါတယ်။ ကျွန်တော် မြန်မာပရိသတ်တွေနဲ့ ထပ်ပြီးတော့ တွေ့ဆုံချင်ပါသေးတယ်။ ကျွန်တော်ထပ်ပြီးတော့လာဦးမှာပါ။ နောက်ပိုင်းမှာဇာတ်ကားတစ်ခုထဲမဟုတ်ဘဲ အားလုံးကိုလုပ်နိုင်အောင် ကြိုးစားသွားမှာပါ”ဟု ထိုင်းမင်းသားက ပြောသည်။

သူသည် ဇာတ်ရုပ်မျိုးစုံကို သရုပ်ဆောင်နိုင်သည့် မင်းသားဖြစ်ရုံသာမက အဆိုတော်၊ မော်ဒယ်၊ TV producer အဖြစ်လည်း မြင်တွေ့ရသည့် ထိုင်းနိုင်ငံက စွယ်စုံရ အနုပညာရှင်တစ်ဦးဖြစ်သည်။ ဘောလုံးအားကစားကို ဝါသနာပါသည့် သူသည် ၂၀၀၅ ခုနှစ်မှာ ဇာတ်လမ်းတွဲတစ်ခုတွင် ပါဝင်သရုပ်ဆောင်ပြီး ၂၀၀၆ မှာအဆိုတော်ဘဝကို စတင်ခဲ့သည်။ လက်ရှိတွင် ဇာတ်လမ်းတွဲများ၊ ရုပ်ရှင်များ ရိုက်ကူးလျက်ရှိသည်။ ထို့ပြင် ၂၀၁၁ ခုနှစ်မှာ Brown Eyed Girls အဖွဲ့ထဲမှ Jea နှင့် တွဲပြီး Face to Face ကို သီဆိုထားသူ ဖြစ်သည်။

**ငွေနှင်းဖြူ**
**ဓာတ်ပုံ-မီချိုကိုဟန်**

# ပြန်လည်ပေါင်းစည်းကာ နှစ်(၂၀)ပြည့်အတွက် ကြိုးစားဆောင်ရွက်နေကြတဲ့ Spice Girls

အမျိုးသမီးပေ့ါပ်ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Spice Girls အဖွဲ့သည် အဖွဲ့ဝင်ငါးဦးရှိသည့်အနက် သုံးဦးမှာ ယခုအခါ ပြန်လည်ပေါင်းစည်းပြီး သီချင်းသစ်အတွက် ကြိုးစားနေကြကြောင်း သိရသည်။

အဆိုပါ Spice Girls အဖွဲ့အနေဖြင့် ၁၉၉၆ ခုနှစ် စက်တင်ဘာလအတွင်းက ထွက်ရှိခဲ့သည့် ၎င်းတို့၏ Spice အယ်လ်ဘမ်ထွက်ရှိခဲ့သည့် နှစ်(၂၀)ပြည့် နှစ်ပတ်လည်နေ့အတွက် သီချင်းသစ် တစ်ပုဒ်ကို ဖန်တီးနေကြခြင်းဖြစ်ကာ အဖွဲ့လိုက်တေးအယ်လ်ဘမ်တစ်ခုကိုလည်း ယခုနှစ်ကုန်တွင် ထွက်ရှိနိုင်ရန် စီစဉ်နေကြောင်းလည်း သိရသည်။



“နှစ်(၂၀)ပြည့်အတွက် အမှတ်တရတစ်ခုခုလုပ်ချင်နေတာပါ။ ရှေ့ဆက်ပြီးတော့လည်း သီချင်းရေးတာတွေ ဆက်လုပ်သွားဦးမှာပါ”ဟု Spice Girls အဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မယ်လင်နီဘရောင်းက ယူကေသတင်းစာတစ်စောင်သို့ ပြောကြားခဲ့သည်။

Spice Girls အဖွဲ့ကို ၁၉၉၄ ခုနှစ်က ကမ္ဘာကျော်ဖက်ရှင်ဒီဇိုင်နာ ဗစ်တိုးရီးယားဘက်ခမ်းအပါအဝင် စတင်ဖွဲ့စည်းခဲ့သည်။ ၂၀၁၂ ခုနှစ် နွေရာသီက လန်ဒန်မြို့၌ သီဆိုဖျော်ဖြေခဲ့ပြီး အဖွဲ့လိုက်အနုပညာလှုပ်ရှားမှုများ ရပ်နားခဲ့ခြင်းဖြစ်သည်။ သို့သော် အဆိုပါအဖွဲ့သည် လွန်ခဲ့သည့် မတ်လကတည်းက အဖွဲ့လိုက် ဖျော်ဖြေပွဲများကျင်းပရန်အတွက် စီစဉ်လျက်ရှိကြောင်း သိရသည်။

၁၉၉၆ ခုနှစ်က ထွက်ရှိခဲ့သည့် ၎င်းတို့၏ပထမဆုံးသောအယ်လ်ဘမ်တစ်ခုဖြစ်သော Spice အယ်လ်ဘမ်သည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အချပ်ရေပေါင်း ၃၁ သန်းကျော်ရောင်းချခဲ့ရကာ ရောင်းအားအကောင်းဆုံးအမျိုးသမီးပေ့ါပ်ဂီတအဖွဲ့အဖြစ် သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့ပြီး အကျော်ကြားဆုံးသော အမျိုးသမီးပေ့ါပ်အဖွဲ့တစ်ဖွဲ့အဖြစ် ရပ်တည်လျက်ရှိနေသည်။

# ဝိုင်ဂျီအင်န်တာတိန်းမန့်မှ ပထမသုံးလပတ်အတွင်း အမေရိကန်ဒေါ်လာ ရှစ်သန်းကျော် မြတ်စွန်းကြောင်း ထုတ်ပြန်

တောင်ကိုရီးယား၏ ထိပ်တန်းအနုပညာအေဂျင်စီတစ်ခုဖြစ်သည့် ဝိုင်ဂျီအင်န်တာတိန်းမန့်မှ ၂၀၁၆ ခုနှစ် ပထမသုံးလပတ်အတွက် အမြတ်ငွေစာရင်းများကို မေ ၁၁ ရက်က ထုတ်ပြန်ခဲ့ရာ အမေရိကန်ဒေါ်လာ ၈ သန်း (တောင်ကိုရီးယား ဝမ် ၉ ဒသမ ၄၈ သန်း) ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီသည် ၁၉၉၆ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်းအားဖြင့် ၃၂ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း စာရင်းဇယားများအရ သိရသည်။

အဆိုပါကုမ္ပဏီသည် အနုပညာအေဂျင်စီလုပ်ငန်းများ၊ အဝတ်အစား၊ အလှကုန်၊ ဖျော်ဖြေပွဲစီမံခန့်ခွဲမှုကဏ္ဍများနှင့် ဂီတထုတ်လုပ်ရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ အဆိုပါကုမ္ပဏီသည် တောင်ကိုရီးယား၏ နာမည်ကျော် ဂီတနှင့် ရုပ်ရှင်သရုပ်ဆောင်များကို စဉ်ဆက်မပြတ်မွေးထုတ်ပေးနေသည့် ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။

**ဖြိုးစန္ဒာမြင့်-စုစည်းရေးသားသည်**

**သင့်စီးပွားရေး တိုးတက်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**




## မန်ယူနည်းပြအဖြစ် လာမယ့်ရာသီမှာ ဆက်ရှိမယ်လို့ထင်ထားတဲ့ ဗန်ဟားလ်

မန်ယူအသင်းရဲ့ လက်ရှိနည်းပြ ဗန်ဟားလ်ကတော့ လာမယ့်ဘောလုံးရာသီမှာလည်း မန်ယူအသင်းမှာပဲ ဆက်ရှိနေလိမ့်မယ်လို့ထင်ထားတဲ့အကြောင်း ဖွင့်ဟလို့ ပြောကြားလာခဲ့ပါပြီ။

သူ့ရဲ့အနာဂတ်အတွက်လည်း တစ်စုံတစ်ရာသော အာမခံချက်ကိုမှ ပေးလိမ့်မယ်မဟုတ်ကြောင်း ပြောခဲ့ပေမယ့် ၂၀၁၄ ခုနှစ်အတွင်းက ချုပ်ဆိုထားခဲ့တဲ့ သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ထဲမှာပါဝင်တဲ့ လာမယ့်ဘောလုံးရာသီမှာလည်း မန်ယူအသင်းရဲ့ တစ်ဦးတည်းသောနည်းပြအဖြစ်ဆက်ရှိနေဖို့ မျှော်လင့်ထားတဲ့အကြောင်းလည်း ပြောခဲ့ပါတယ်။

မန်ယူအသင်းနည်းပြဗန်ဟားလ်ဟာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလကတည်းက ရလဒ်ပိုင်းဆိုးရွားမှုတွေနဲ့အတူ ဖိအားတွေကလည်း တိုးလို့လာခဲ့ပါတယ်။ အဲဒါကြောင့် ချယ်လ်ဆီးအသင်းရဲ့ အပစ်ပယ်ခံနည်းပြမော်ရင်ဟိုဟာ မန်ယူအသင်းနည်းပြဖြစ်လာဖို့ မန်ယူအသင်းတာဝန်ရှိသူတွေနဲ့ ဆွေးနွေးမှုတွေပြုလုပ်ခဲ့တဲ့အကြောင်း သတင်းတွေ ထွက်ပေါ်လာခဲ့ပါတယ်။

မေ ၁၅ ရက်မှာ မန်စီးတီးအသင်းနဲ့ ဆွမ်ဆီးအသင်းတို့ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ရာသီပိတ်ပွဲစဉ်မှာ မန်စီးတီးအသင်းကသာ ဆွမ်ဆီးအသင်းကို အနိုင်ကစားနိုင်ခဲ့မယ်ဆိုရင် မန်ယူအသင်းဟာ သုံးနှစ်တာကာလအတွင်းမှာ ဒုတိယအကြိမ်မြောက် ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ လွဲချော်ရဦးမှာပါ။

အဲဒါကြောင့် မန်ယူအသင်းအတွက်တော့ မေ ၂၁ ရက်မှာ ခရစ္စတယ်ပဲလေ့အသင်းနဲ့ ကစားမယ့် အက်ဖ်အေဖလားတစ်လုံးတည်းသာ အခုနှစ်ဘောလုံးရာသီမှာ မျှော်လင့်လို့ရတာမို့ အဲဒီဖလားကို အရယူနိုင်မယ်လို့ ဗန်ဟားလ်က မျှော်လင့်ထားပါတယ်။

နည်းပြဗန်ဟားလ်အနေနဲ့ မန်ယူအသင်းနည်းပြအဖြစ် ဆက်ရှိနေမယ်ဆိုရင် လာမယ့်ရာသီအကြိုကစားမယ့် ခြေစမ်းပွဲစဉ်တွေထဲက တချို့ပွဲစဉ်တွေကို လျှော့ချပြီး ၂၀၁၆-၂၀၁၇ ဘောလုံးရာသီအတွက် အကောင်းဆုံးပြင်ဆင်သွားမယ်လို့လည်း ဆိုထားပါတယ်။ **(နိုင်လင်းကြည်)**




## ဖီဖာက ပထမဆုံးအမျိုးသမီး အတွင်းရေးမှူးချုပ် စတင်ခန့်အပ်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ဆီနီဂေါနိုင်ငံသူ ဆာမူရာအား ဖီဖာ၏ ပထမဆုံးအမျိုးသမီးအတွင်းရေးမှူးချုပ်အဖြစ် စတင်ခန့်အပ်လိုက်ပြီဖြစ်သည်။

ဆာမူရာသည် ယခင်အတွင်းရေးမှူးချုပ်ဟောင်း ဂျာရိုမီဗယ်လ်ကီ၏ နေရာတွင် အစားထိုးတာဝန်ယူရမည်ဖြစ်ပြီး ဂျာရိုမီဗယ်လ်ကီသည် ဘောလုံးနှင့် ပတ်သက်ဆက်နွယ်သည့်လုပ်ဆောင်မှုများမလုပ်ဆောင်ရန် ၁၂ နှစ်ကြာ ပိတ်ပင်ခံထားရသူဖြစ်သည်။

အသက်(၅၄)နှစ်အရွယ်ရှိပြီဖြစ်သည့် ဆာမူရာသည် ကုလသမဂ္ဂတွင်လည်း ၂၁ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ဖီဖာ၏ အတွင်းရေးမှူးချုပ်တာဝန်များကို ဇွန်လတွင် စတင်တာဝန်ထမ်းဆောင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(ငွေကြယ်)**

# ပထမရာသီတွင် ဖလားရရှိရေးမျှော်လင့်မထားရန် ဂွါဒီယိုလာအား ပယ်လီဂရီနီ သတိပေး



မန်စီးတီးအသင်းကနေ ထွက်ခွာရတော့မည့် နည်းပြပယ်လီဂရီနီက ၎င်းနေရာတွင် အစားထိုးနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်မည့် နည်းပြဂွါဒီယိုလာအား စတင်တာဝန်ယူမည့် ပထမရာသီတွင် ဖလားရရှိရေး မျှော်လင့်မထားရန် သတိပေး ပြောကြားလိုက်သည်။

နည်းပြဂွါဒီယိုလာသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာကာ ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းကို ပြောင်းလဲတာဝန်ယူတော့မည်ဖြစ်ရာ မန်စီးတီးအသင်းကိုလည်း ဥရောပ၏ အင်အားကြီးအသင်းတစ်သင်းဖြစ်လာရန် ကြိုးပမ်းသွားမည်ဟု ပြောကြားထားသည်။

နည်းပြပယ်လီဂရီနီသည် မန်စီးတီးအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်လျက်ရှိစဉ်အတွင်း ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနှင့် ကတ်ပီတယ်ဝမ်းဖလားတို့ကို ရယူဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်း၏ ပထမဆုံးအဖြစ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

သို့ရာတွင် ဆီမီးဖိုင်နယ်အဆင့်တွင် ရီးယဲလ်မက်ဒရစ်အသင်းအား ရှုံးနိမ့်ခဲ့ရခြင်းကြောင့် မန်စီးတီးအသင်းအနေဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲကို နှုတ်ဆက်လိုက်ရသည်။ ဂွါဒီယိုလာမှာ အခြားလိဂ်ပြိုင်ပွဲများတွင် နာမည်ရခဲ့သော်လည်း ပရီမီယာလိဂ်တွင်မူ ဂွါဒီယိုလာ၏ နည်းပြဘဝတစ်လျှောက် အကြီးမားဆုံးသော အစမ်းသပ်ခံ ဖြစ်လာလိမ့်မည်ဟုလည်း ပယ်လီဂရီနီက ဆိုသည်။

"ကျွန်တော့်အနေနဲ့ ဂွါဒီယိုလာနဲ့ ပတ်သက်ပြီး ပြောနေတာမဟုတ်ပါဘူး။ ပရီမီယာလိဂ်ကို ကျွန်တော် စတင် ရောက်ရှိလာခဲ့တဲ့ နှစ်အတွေ့အကြုံနဲ့ နှိုင်းဆပြီးတော့ ကျွန်တော်နဲ့ ပတ်သက်တဲ့အကြောင်းအရာတွေကို ပြောနေတာပါ။ ဒါပေမယ့် ဂွါဒီယိုလာအနေနဲ့ ဥရောပမှာ နည်းပြတစ်ဦးအနေနဲ့ နှစ်ပေါင်းများစွာ တာဝန်ယူကိုင်တွယ်ခဲ့တယ်ဆိုပေမယ့် ပရီမီယာလိဂ်ဖလားရယူနိုင်ဖို့ဆိုရင်တော့ ဂွါဒီယိုလာအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာမှာဖြစ်လို့ အကောင်းဆုံး ပြင်ဆင်ရပါလိမ့်မယ်" ဟု နည်းပြပယ်လီဂရီနီက ဆိုသည်။ **(ငွေကြယ်)**



## ကိုပါအမေရိကပြိုင်ပွဲတွင် ဥရုဂွေးအသင်းနှင့်အတူ ဘာစီလိုနာတိုက်စစ်မှူး ဆွာရတ်ဇ်ပါဝင်လာမည်

ဘာစီလိုနာတိုက်စစ်မှူး ဆွာရတ်ဇ်သည် ပြီးခဲ့သည့်နှစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ကိုပါအမေရိကပြိုင်ပွဲတွင် ပွဲပယ်ပြစ်ဒဏ်ကြောင့် မပါဝင်နိုင်ခဲ့သော်လည်း ယခုနှစ်တွင်မူ ဥရုဂွေးအသင်းနှင့်အတူ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

တိုက်စစ်မှူး ဆွာရတ်ဇ်သည် လွန်ခဲ့သည့်နှစ်နှစ်က ဘရာဇီးမြေ၌ ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီတလီနောက်တန်းကစားသမား ချီယယ်လီနီကို ကိုက်ခဲ့ခြင်းကြောင့် ဘောလုံးကစားခြင်းကို လေးလကြာပိတ်ပင်တားမြစ်ခံခဲ့ရပြီး နိုင်ငံတကာပွဲစဉ်များ ဝင်ရောက်ကစားမှုကိုလည်း ကိုးပွဲအထိ ပိတ်ပင်ခံခဲ့ရသူဖြစ်သည်။

သို့ရာတွင် လက်ရှိအချိန်၌ နိုင်ငံတကာပွဲစဉ်များ ဝင်ရောက်ကစားခွင့် ပိတ်ပင်ခံခဲ့ရခြင်းမှ လွတ်မြောက်ခဲ့ပြီး ကိုပါအမေရိကပြိုင်ပွဲတွင် ဥရုဂွေးအသင်း၏ ကစားသမား ၂၃ ဦးစာရင်းတွင် ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

ထို့ကြောင့် တိုက်စစ်မှူး ဆွာရတ်ဇ်အတွက် ၂၀၁၄ ကမ္ဘာ့ဖလားနောက်ပိုင်း နိုင်ငံအသင်းတွင် ပထမဆုံးပြန်လည်ပွဲထွက်လာမည့် ပြိုင်ပွဲလည်းဖြစ်လာခဲ့သည်။

တိုက်စစ်မှူး ဆွာရတ်ဇ်သည် ၎င်းပါဝင်လာချိန်တွင် ယခင်က ပုံစံအတိုင်းပုံမှန်ခြေစွမ်းပြန်လည်ရရှိရန် မျှော်လင့်ထားပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ဘာစီလိုနာအသင်းနှင့်အတူ သွင်းဂိုး ၅၆ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။

ဥရုဂွေးအသင်းသည် ကိုပါအမေရိကပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် ဇွန် ၅ ရက်တွင် ဖီးနစ်တက္ကသိုလ်အားကစားပြိုင်ကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အုပ်စု(C)တွင် တစ်အုပ်စုတည်းကျရောက်လျက်ရှိသည့် မက္ကဆီကိုအသင်းနှင့် ကစားရမည်ဖြစ်သည်။

ဥရုဂွေးအသင်းကရွေးချယ်ထားခဲ့သည့် ကစားသမား ၂၃ ဦးစာရင်းမှာ ဂိုး-ကမ်ပါနာ၊ မူဆလဲရား၊ မာဆင်ဆေးလ်ဗား၊ နောက်တန်း-ကုတ်တက်စ်၊ ဖူစီလီ၊ ဂျိမီနက်ဇ်၊ ဒီယေဂိုဂိုဒင်၊ အယ်လ်ဗာရိုပီရိန်ရာ၊ မက်ဇီမီလီယာနိုပီရိန်ရာ၊ ဗစ်တိုရီနို၊ ကွင်းလယ်-ကော်ရူဂျို၊ ဂွန်ဇာလက်၊ လိုဒီရို၊ ဂတ်စတန်ရာမီရက်ဇ်၊ အရီဗယ်လိုရို့စ်၊ ခရစ္စတီယန်ရိုဒရီဂွက်ဇ်၊ ကာလို့စ်ဆန်းချက်ဇ်၊ ဗီစီနို၊ တိုက်စစ်-ကာဗာနီ၊ အာဘေးဟာနန်ဒက်ဇ်၊ ဒီယေဂိုရိုလန်၊ ခရစ္စတီယန် စတူယာနီနှင့် ဆွာရတ်ဇ်တို့ဖြစ်ကြသည်။ **(ငွေကြယ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

မေ ၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၃)၌ ဖော်ပြထားသော "စပါးနည်းပြ ပိုချက်တီနို ၂၀၂၁ ထိ စပါး၌ ဆက်ရှိမည့် စာချုပ်သစ်ချုပ်ဆို" သတင်းတွင် "စပါးအသင်းသည် ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၂)နေရာ၌ရပ်တည်နိုင်ခဲ့ . . . . "ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာရေးသူ)**

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။



ဆော့လော်မြို့နယ် လန်ဆယ်ဒေသ လာချင်ကျေးရွာအုပ်စုနှင့် လကင်ကျေးရွာအုပ်စုရှိ
ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ ဆန်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်၊ မုန့်များ၊ ရေသန့်ဆေးပြားများနှင့် အစားအသောက်များ ရောက်ရှိစဉ်။

# ချင်းပြည်နယ်နှင့် လူငယ်အရေး ဦးစားပေးမယ့်

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရက် ၁၀၀ စီမံကိန်း

သတင်းဆောင်းပါး - ရှင်မင်း

ဓာတ်ပုံ - ကျော်ရဲဆွေ

**တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် အမျိုးသားရေးဦးတည်ချက်ကို အထောက်အကူဖြစ်စေရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ လူမှုရေးချို့တဲ့သူများအား လူမှုဝန်ထမ်းနည်းများဖြင့် အကူအညီပေးရန်၊ မလိုလားအပ်သောလူမှုရေးပြဿနာများ မပေါ်ပေါက်စေရေးအတွက် ကြိုတင်ကာကွယ်ပေးရန်၊ လူမှုရေးတာဝန်များထမ်းဆောင်မည့် စေတနာ့ဝန်ထမ်း လုပ်သားပြည်သူများအား စည်းရုံးဖော်ထုတ်ရန်၊ လူမှုရေးဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်သူများအတွက် ဝန်ဆောင်မှုပေးလျက်ရှိသည်။**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ရက် ၁၀၀ စီမံကိန်း**

ဧပြီလ ၂၁ ရက်မှ စတင်ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံကိန်းများအဖြစ် ချင်းပြည်နယ် တွန်းဇံမြို့နယ် မြေပြိုဆည်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရေး၊ သဘာဝဘေး ဖြစ်ပေါ်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး၊ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနအား အဆင့်မြှင့်တင်နိုင်ရေးနှင့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရေး၊ Help Line တည်ဆောက် အကောင်အထည်ဖော်ရေး၊ လူငယ်မူဝါဒ ရေးဆွဲအကောင်အထည်ဖော်ရေး၊ လမ်းပေါ်နေကလေးများနှင့် တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများအား ကာကွယ်စောင့်ရှောက်ရေး၊ ကနဦးပေးပို့သူနှင့် လက်ခံသူအကြား တစ်ဆက်တစ်စပ်တည်း ချိတ်ဆက်ဆောင်ရွက်နိုင်သည့် ကြိုတင်သတိပေးမှုစနစ်များ တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး ကနဦးစီမံချက်ကို ချင်းပြည်နယ်တွင် စတင်အကောင်အထည်ဖော်နိုင်ရေး၊ သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ရေးဆိုင်ရာသင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး **စာမျက်နှာ ၁၆ သို့** ❍



ဆော့လော်မြို့နယ် လန်ဆယ်ဒေသ၌ ရေဘေးကြောင့်ပျက်စီးမှုများကို တွေ့ရစဉ်။

ကြေးမုံ
မေ ၁၅၊ ၂၀၁၆ (တနင်္ဂနွေနေ့)



# ပြည်သူတွေ ဘေးကင်းလုံခြုံဖို့၊ ပြည်သူ့အကျိုးစီးပွားကို ဖြည့်ဆည်းနိုင်ဖို့နဲ့ ပြည်သူယုံကြည်ကိုးစားတဲ့ ဝန်ကြီးဌာနဖြစ်ဖို့ အဓိက ရည်ရွယ်ချက်အဖြစ်ထားပြီး ပြည်သူ့အကျိုး ဘယ်လောက် ဆောင်ရွက်နိုင်ပြီလဲဆိုတာနဲ့ ပြည်သူယုံကြည်မှု ဘယ်လောက်ရပြီလဲဆိုတဲ့ ရလဒ်တွေနဲ့ အကောင် အထည် ဖော်သွားမယ်




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည့်စီမံချက်များတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပေါ်ပေါက်လာသော ချင်းပြည်နယ်ရှိ မြေပြိုဆည်များမှ ဘေးအန္တရာယ်ထပ်မံ မဖြစ်ပွားစေရန် ဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

❍ စာမျက်နှာ ၁၅ မှ

စသည့် ကဏ္ဍကိုးခုတို့ကို ဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်လျက်ရှိသည်။

"အစိုးရအဖွဲ့သစ်တက်တက်ချင်းကာလဟာ သဘာဝဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်ရတဲ့ကာလ ဖြစ်ပါတယ်။ ပြည်သူတွေ ဘေးကင်းလုံခြုံဖို့၊ ပြည်သူ့အကျိုးစီးပွားကို ဖြည့်ဆည်းနိုင်ဖို့နဲ့ ပြည်သူယုံကြည်ကိုးစားတဲ့ဝန်ကြီးဌာန ဖြစ်ဖို့ အဓိကရည်ရွယ်ချက်အဖြစ်ထားပြီး ပြည်သူ့အကျိုး ဘယ်လောက်ဆောင်ရွက်နိုင်ပြီလဲဆိုတာနဲ့ ပြည်သူ့ယုံကြည်မှုဘယ်လောက်ရပြီလဲဆိုတဲ့ ရလဒ်တွေနဲ့ အကောင်အထည်ဖော်သွားမယ်"ဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနမှ ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည့်စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အပေါ် ပြောကြားသည်။

**ဦးစားပေးလုပ်ငန်းက ဘာလဲ**

ချင်းပြည်နယ်ရှိ မြေပြိုဆည်များနှင့် ပတ်သက်၍ ရေလွှမ်းမိုးသည့် နေရာများအတွင်းရှိ ကျေးရွာများ၌ သဘာဝဘေးအန္တရာယ်လျော့ပါးရေး၊ အရေးပေါ်တုံ့ပြန်ရေး၊ အလျင်အမြန် ရွှေ့ပြောင်းကယ်ထုတ်နိုင်ရေး၊ ရေလွှမ်းမိုးနိုင်သည့် ကျေးရွာများတွင် ရွှေ့ပြောင်းနေထိုင်ရန်နေရာများ ကြိုတင်သတ်မှတ်ရေး၊ သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ ညှိနှိုင်းထားရေး၊ ရေလျှံရာမှ ကျိုးပေါက်မှုမဖြစ်စေရန် မြေပြိုဆည်ပေါင်၏ အနိမ့်ဆုံးနေရာတွင် ရေပိုလွှဲထွက်ပေါက် အမြန်ဆုံးဆောင်ရွက်နိုင်ရန်နှင့် မြေပြိုဆည်ကျိုးနိုင်သည့် အလားအလာတွေ့ရှိရပါက ဘေးသင့်နိုင်သည့် ကျေးရွာများအား ဆောလျင်စွာအသိပေးနိုင်ရန် ကြိုးမဲ့ဆက်သွယ်ရေးစနစ် ထူထောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဆောင်ရွက်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဦးစားပေးလုပ်ငန်းများမှ အချို့လုပ်ငန်းများသည် ရက် ၁၀၀ အတွင်း အစပျိုးကာ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ကြောင်း သိရှိရပြီး သဘာဝဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးစီစဉ်ထားသည်ဟု သိရသည်။

"သဘာဝဘေးကို တုံ့ပြန်ဆောင်ရွက်တဲ့နေရာမှာ တခြားဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ရသလို ထိထိရောက်ရောက်လုပ်ဆောင်နိုင်ဖို့ အရေးပေါ် စီမံခန့်ခွဲမှုဗဟိုဌာန (Emergency Operation Center-EOC) ဆိုတာ မရှိမဖြစ်လိုအပ်ပါတယ်။ ဒီဌာနအသက်ဝင်ထိရောက်ဖို့ ရက်(၁၀၀)စီမံချက် ဦးစားပေးအနေနဲ့ ဆောင်ရွက်မယ်။ ပြီးတော့ ဒီဌာနကို အဆင့်မြှင့်တင်နိုင်ဖို့နဲ့ စီမံခန့်ခွဲမှုထိရောက်ဖို့ ပစ္စည်းအင်အား၊ လူအင်အား၊ နည်းပညာ စတဲ့ လိုအပ်ချက်တွေကို နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ကူညီခဲ့ကြပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

"တကယ်လို့ သဘာဝဘေးဖြစ်ပေါ်ခဲ့ရင် EOC ရဲ့ ဦးဆောင်မှုနဲ့ အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ဖို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့တွေကို ဖွဲ့စည်းဆောင်ရွက်သလို တစ်ဆက်တည်းမှာ ပြည်သူကိုယ်တိုင်ပါဝင်ရမှာဖြစ်လို့ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး သိရှိနားလည်အောင် ဇာတ်တိုက်လေ့ကျင့်တာတွေကိုလည်း ဆောင်ရွက်နေပါတယ်"ဟု သူက ဆက်ပြောသည်။

**စိုးရိမ်နေတဲ့ အခြေအနေ**

ချင်းပြည်နယ် တွန်းဇံမြို့အတွင်းရှိ တွီးလ်လွီချောင်းဖျား၌ မြေပြိုဆည်အကြီး တစ်ခု၊ အဆိုပါဆည်ကြီး၏ ဝဲဘက်တွင် မြေပြိုဆည် အငယ် သုံးခု၊ ယာဘက်တွင် မြေပြိုဆည် အငယ်တစ်ခု စုစုပေါင်း ငါးခုရှိပြီး မြေပြိုဆည်ကျိုးပါက ပြင်းထန်သည့် ရေလှိုင်းလုံးအရှိန်ကြောင့် တွီးလ်လွီချောင်းနှင့် ယင်းချောင်းစီးဝင်သည့် နေရဥ္စရာချောင်းတစ်လျှောက် ကမ်းပြိုခြင်း၊ တောင်ပြိုခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်နိုင်သည်ဟု ဝန်ကြီးဌာနက ခန့်မှန်းထားသည်။

ထို့ပြင် ချောင်းများ၏ ဝဲ၊ ယာကျေးရွာများ၊ ကလေး-တမူးလမ်းမှ ကျေးရွာများ၊ ကလေးမြို့ပေါ်ရပ်ကွက်များ ရုတ်တရက် ရေလွှမ်းမိုးနိုင်ပြီး ရွှံ့ညွန်၊ ကျောက်တုံး၊ သစ်ပင်များပါဝင်သည့် Mud Flow များကြောင့် အဆိုပါရေများ စီးဝင်ရာ ရာဇဂြိုဟ်ဆည်၏ ကြံ့ခိုင်ရေးကို ထိခိုက်မည်ကိုစိုးရိမ်နေသည်။

**ပြင်ဆင်ထားမှု**

ဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များကို ပထမအဆင့်အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဒုတိယအဆင့်အနေဖြင့် ခရိုင်/မြို့နယ်အဆင့် ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဟု ဆိုသည်။

"EOC ကို ၂၀၁၁ ခုနှစ် အောက်တိုဘာလမှာ ဖြစ်ပွားခဲ့တဲ့ ပခုက္ကူ ရေလွှမ်းမိုးမှုဘေးအန္တရာယ် နောက်ပိုင်းကစပြီးတော့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်တွေကို ရယူဆောင်ရွက်နိုင်ဖို့ စတင်တည်ထောင်ခဲ့တယ်။ စဖွင့်စဉ်ကတော့ မိုးလေဝသသတင်းအချက်အလက်တွေ စောင့်ကြည့်လေ့လာဖို့နဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုကို ခန့်မှန်းတဲ့အခါ လိုအပ်တဲ့ GIS မြေပုံတွေထုတ်နိုင်ဖို့ဆောင်ရွက်ခဲ့ကြတယ်"ဟု ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်မိုးသွယ်က ပြောသည်။

"အခု EOC ကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ဖို့ ရက် ၁၀၀ စီမံချက်မှာ ထည့်သွင်းပြီးတော့ လိုအပ်တဲ့နည်းပညာနဲ့ ဝန်ထမ်းအင်အားကို အဆင့်လိုက် ဖြည့်ဆည်းဆောင်ရွက်သွားမယ်။ အဲဒီလို အဆင့်မြှင့်တင်လိုက်ခြင်းအားဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်တွေကို မြန်မြန်ဆန်ဆန် စုစည်းနိုင်ပြီး ကြိုတင်သတိပေးချက်တွေ၊ အရေးပေါ်ရွှေ့ပြောင်းမှုတွေ၊ ကယ်ဆယ်ရေးနဲ့ ထောက်ပံ့အကူအညီပေးလုပ်ငန်းတွေကို ပိုပြီးမြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်"ဟု သူက ဆက်ပြောသည်။

သဘာဝဘေးကိစ္စများသာမက တခြားလူမှုရေးကိစ္စများနှင့်ပတ်သက်၍ အရေးပေါ်အခြေအနေပေါ်ပေါက်ခဲ့လျှင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အကူအညီပေးနိုင်ရန် Help Line ဖွင့်ရန် စီစဉ်ထားသည်ဟု ဆိုသည်။ လောလောဆယ်တွင် ဖုန်း-၄၀၄၆၆၆ နှင့် ၄၀၄၇၇၇ တို့သို့ ၂၄ နာရီ တိုက်ရိုက်ဆက်သွယ်သတင်းပို့နိုင်ကြသည်။

**လူငယ်နှင့် ရက် ၁၀၀ စီမံချက်**

အသက် (၁၅-၂၄) နှစ်အတွင်းရှိသော လူငယ်များသည် မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၁၇ ဒသမ ၈၁ ရာခိုင်နှုန်းရှိသည်။

လူငယ်မူဝါဒ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် နိုင်ငံ ၃၁ နိုင်ငံတွင် မြန်မာနိုင်ငံပါဝင်နေသေးသည်။

"နိုင်ငံဖွံ့ဖြိုးရေးဟာ လူငယ်အရင်းအမြစ်အပေါ်မှာလည်း မူတည်နေတယ်။ လူငယ်တွေရဲ့ လိုအပ်ချက်တွေ၊ တောင်းဆိုချက်တွေ၊ အမြင်တွေကို တရားဝင်မူဝါဒတွေ၊ မူဘောင်တွေချမှတ်ဆောင်ရွက်ပေးနိုင်ဖို့ လူငယ်မူဝါဒရေးဆွဲတဲ့နေရာမှာ လူငယ်တွေကိုယ်တိုင် ပါဝင်စေမယ်။ ကော်မတီတွေဖွဲ့စည်းပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲတွေ လုပ်မယ်။ ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူငယ်တွေ ကိုယ်တိုင်ရွေးချယ်ထားတဲ့ လူငယ်ကိုယ်စားလှယ်တွေ ရွေးချယ်ပြီးတော့ မူကြမ်းရေးဆွဲသွားမယ်။ မူကြမ်းကိုလည်း ပွင့်လင်းမြင်သာမှုရှိအောင် ချပြဆောင်ရွက်သွားမယ်"ဟု ရက် ၁၀၀ စီမံချက်အဖြစ် လူငယ်မူဝါဒရေးဆွဲနိုင်ရေးနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကြည်က ပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာနမှ ရေးဆွဲထားပြီးသော လူငယ်မူဝါဒကို ယခုနှစ် ဩဂုတ်လတွင် မိတ်ဆက်ဖြန့်ချိနိုင်ရန် စီစဉ်နေသည်။




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည့်စီမံချက်များတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပေါ်ပေါက်လာသော ချင်းပြည်နယ်ရှိ မြေပြိုဆည်မှ ဘေးအန္တရာယ်ထပ်မံမဖြစ်ပွားစေရန် ဦးစားပေးလုပ်ငန်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။




လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်သော ဝန်ကြီးဌာနဖြစ်သည်နှင့်အညီ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ တုံ့ပြန်ဆောင်ရွက်နိုင်ရန် အရေးပေါ်စီမံခန့်ခွဲမှုဗဟိုဌာနသည်လည်း မရှိမဖြစ်လိုအပ်သည်။

**တောင်းရမ်းစားသောက်သူများကိစ္စ**

ထို့ပြင် လမ်းပေါ်နေကလေးများနှင့် တောင်းရမ်းစားသောက်သူများ၊ ခိုကိုးရာမဲ့များ၊ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူများ ကာကွယ်စောင့်ရှောက်ရေးကို လုပ်ကိုင်ရမှာလည်းရှိနေပြန်သည်။

"ဒီလုပ်ငန်းတွေကတော့ ရက် ၁၀၀ တည်းနဲ့ ပြီးပြတ်တဲ့ လုပ်ငန်းတွေ မဟုတ်ပါဘူး။ ရေရှည်လုပ်ငန်းပါ။ လမ်းပေါ်နေကလေးတွေ၊ ခိုကိုးရာမဲ့တွေနဲ့ စောင့်ရှောက်သူမဲ့ မသန်စွမ်းသူတွေကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ဖို့ တိကျတဲ့ အချက်အလက်တွေ မရှိသေးပါဘူး"ဟု လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ရူပါမြက ပြောသည်။

"မြို့ပြမှာ အများစုဖြစ်တယ်။ ဒါကြောင့် ရန်ကုန်နဲ့ မန္တလေးမှာ စပြီး အကောင်အထည်ဖော်သွားမယ်"ဟု သူကဆက်ပြောသည်။

ဆင်းရဲနွမ်းပါးမှု၊ မိသားစုအခက်အခဲများနှင့် အနိုင်ကျင့်ခံရမှု၊ လျစ်လျူရှုခံရမှုများ ပတ်ဝန်းကျင်တွင် ခံစားရသည့်အတွက် လမ်းပေါ်နေကလေးများ ပေါ်ပေါက်ရသည်ဟု လက်ခံထားကြသည်။

"ဘာကြောင့်ဖြစ်တယ်ဆိုတဲ့ အကြောင်းအရာတွေကတော့ အများကြီးရှိတာဖြစ်တဲ့အတွက် solution focus ကို ဦးတည်ပြီး ကျောင်းနေအရွယ်ကလေးဆို ပညာသင်ကြားနိုင်အောင်နဲ့ ကျောင်းမနေချင်ရင် အသက်မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားနိုင်အောင် ဆောင်ရွက်သွားမယ်။ အားလုံးပါဝင်တဲ့ ဆွေးနွေးပွဲတွေကနေ ဖြေရှင်းနိုင်မယ့်နည်းလမ်းတွေကို ရှာဖွေသွားမှာပါ"ဟု ဒေါ်ရူပါမြကပြောသည်။

**ချင်းပြည်နယ်နှင့် ရက် ၁၀၀ စီမံချက်**

ရက် ၁၀၀ လုပ်ငန်းစီမံချက် ဦးစားပေးဆောင်ရွက်မှုမှတစ်ဆင့် တစ်နှစ်ကာလသတ်မှတ်၍ လူမှုကာကွယ်စောင့်ရှောက်ရေး ကနဦးစီမံချက်ကို ချင်းပြည်နယ်ရှိ မြို့နယ် ၁၃ မြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပြီး ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် နှစ်နှစ်အထိ ကလေးငယ်များ၊ မသန်စွမ်းသူများနှင့် အသက် (၇၀) အထက် အသက်ကြီးသူများအား ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်တမ်းများအရ ချင်းပြည်နယ်သည် ဆင်းရဲနွမ်းပါးမှု အများဆုံးဖြစ်သည်။ ထို့အပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော အဆိုပါပြည်နယ်သည် လွန်ခဲ့သည့်နှစ်က သဘာဝဘေးအန္တရာယ်ကို ခံစားခဲ့ရသေးသည်။

"ရက် ၁၀၀ အတွင်းမှာ ထောက်ပံ့မှုကို ချက်ချင်းမဆောင်ရွက်ပေးနိုင်သေးပေမယ့် လူမှုကာကွယ်စောင့်ရှောက်ရေးအကူအညီပေးနိုင်ဖို့ စာရင်းဇယားတွေ မှန်ကန်အောင်၊ ငွေကြေးဖြန့်ဝေတဲ့ နည်းစနစ်တွေကို ဆောင်ရွက်သွားမယ်။ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်သွားမယ်။ ဒီကနဦးစီမံချက်ပေါ်မှာ မူတည်ပြီးတော့ အဆင့်လိုက် အဆင့်လိုက် တခြားနေရာဒေသတွေမှာလည်း ရေရှည်မှာ တိုးချဲ့ဆောင်ရွက်သွားမယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက ပြောကြားသည်။



ဧပြီ ၃၀ ရက်က ဖြစ်ပွားခဲ့သည့်လေဘေးကြောင့် ဘေးဒုက္ခကြုံတွေ့ခဲ့ရသည့် ရမည်းသင်းမြို့နယ် ထီးလှိုင်ကျေးရွာအုပ်စု ဆည်တိုရွာရှိ ကျေးရွာသူ ကျေးရွာသားများအား ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့ပေးအပ်စဉ်။

ချင်းပြည်နယ်တွင် အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိ လူဦးရေနည်းပါးကာ ကလေးမွေးဖွားမှုနှုန်းမှာ မြန်မာနိုင်ငံ၏ စုစုပေါင်းကလေးမွေးနှုန်းထက် ပိုမိုမြင့်မားသည်။ သို့သော် တစ်နှစ်အောက် ကလေးသေနှုန်းနှင့် ငါးနှစ်အောက် ကလေးသေနှုန်းမှာမူ ပိုမိုမြင့်မားကြောင်း ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ သိရသည်။

ထို့ပြင် ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ နိုင်ငံလူဦးရေ ၅၁ သန်းကျော်တွင် သက်ကြီးရွယ်အို ကိုးရာခိုင်နှုန်းပါဝင်နေပြီး ၂၀၅၀ တွင် သက်ကြီးရွယ်အိုဦးရေသည် လူငယ်၊ လူလတ်ပိုင်းဦးရေထက် ပိုမိုများပြားလာနိုင်ကြောင်း ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းသုံးသပ်ထားသည်။

ထို့ကြောင့် အနာဂတ်တွင် တိုးပွားလာမည့် သက်ကြီးရွယ်အိုများ လူမှုကာကွယ်စောင့်ရှောက်မှုများရရှိနိုင်ရန်နှင့် မိသားစုဝင်များ စိတ်အေးချမ်းသာစွာ လုပ်ငန်းခွင်ဝင်နိုင်ရန်နှင့် အလုပ်လုပ်ကိုင်နိုင်သော လူငယ်လူရွယ်များ အလုပ်အကိုင် အခွင့်အလမ်းပိုမိုရရှိနိုင်စေရန်ရည်ရွယ်၍ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်သူများအတွက် နည်းပညာသင်တန်းကို လူမှုဝန်ထမ်းဦးစီးဌာနမှ ရက် ၁၀၀ အတွင်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ ■

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ကလေးသူငယ်ပြုစုပျိုးထောင် ဖွံ့ဖြိုးရေး ရက် ၁၀၀ စီမံချက် ဖွင့်လှစ်ဆောင်ရွက်



**နေပြည်တော် မေ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မွေးကင်းစမှ (၈)နှစ်အရွယ် ရှေးဦးအရွယ် ကလေးသူငယ်များအားလုံး ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ခံစားမှု၊ ပေါင်းသင်းဆက်ဆံရေး စသောဘက်စုံဖွံ့ဖြိုးမှုသည် အရေးကြီးသဖြင့် မူကြိုအရွယ်ကလေးဘဝမှစ၍ အသက်အရွယ်အလိုက် ဘက်စုံဖွံ့ဖြိုးမှုအဆင့်နှင့် ကိုက်ညီအောင် မူလတန်းကြိုကျောင်းများ ဖွင့်လှစ်၍ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးနည်းပညာများနှင့်အညီ ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် မူလတန်းကြို ပညာရေးနှင့်ပတ်သက်၍ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(ECCD)သင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ရက် ၁၀၀ စီမံချက်အရ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ကလေးသူငယ် ပြုစုပျိုးထောင်ရေးလုပ်ငန်းဆောင်ရွက်နေသည့် ပုဂ္ဂလိက မူကြိုကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူကြိုကျောင်းများနှင့် စိတ်ပါဝင်စားသူများတက်ရောက်လျက်ရှိပြီး အဆိုပါကျောင်းများမှ မူကြိုကျောင်းများအတွက် လိုအပ်သောနည်းပညာအကူအညီများကို ပံ့ပိုးပေးလျက်ရှိသည်။

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေနှင့် နည်းဥပဒေအား အတည်ပြုပြဋ္ဌာန်းပြီးသည့်အတွက် ပြည်တွင်း ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဖွင့်လှစ်ဆောင်ရွက်သည့် နေ့ကလေးထိန်းဌာနများ၊ မူလတန်းကြိုကျောင်းများအား ဥပဒေနှင့်အညီ လက်ရှိဆောင်ရွက်နိုင်မှုအခြေအနေများအား ပိုမိုလက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန် လက်ရှိဥပဒေများကို ပြန်လည်သုံးသပ်သွားမည်ဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးအနေဖြင့် မူကြိုပညာရေးရရှိမှုလွှမ်းခြုံမှုအား တိုးမြှင့်နိုင်ရန်အတွက် ဦးစီးဌာနမှ မူလတန်းကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ၎င်းအပြင် ရပ်ရွာအခြေပြု လုပ်ငန်းများအဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိခင်ဝိုင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရပ်ရွာအတွင်း၌ ဖွင့်လှစ်လျက်ရှိသော ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား ဦးစီးဌာနမှ နှစ်စဉ်ထောက်ပံ့ကြေးနှင့် နည်းပညာအကူအညီများ ပံ့ပိုးပေးလျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် မေ ၁၂ ရက် နံနက်ပိုင်းက လူမှုဝန်ထမ်းဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရင်သွေးရတနာနှင့် တော်ဝင်ရတနာ မူလတန်းကြိုကျောင်းများသို့ သွားရောက်၍ မူလတန်းကြိုကျောင်းများ ကျောင်းဖွင့်ရာသီအတွင်း ကျောင်းဖွင့်လှစ်မှုအခြေအနေ၊ ကျောင်းများအလိုက် ကလေးဦးရေ လက်ခံစောင့်ရှောက်မှု၊ ကလေးများအား မူကြိုနည်းပညာများနှင့်အညီ ပြုစုစောင့်ရှောက်မှုတို့အား သွားရောက်စစ်ဆေး၍ မူလတန်းကြိုကျောင်းအုပ်များနှင့် ဆရာမများအား တွေ့ဆုံ၍ ဆွေးနွေးခဲ့သည်။

**(ကြေးမုံ)**

■

# သောက်သုံးရေများ ဆက်လက်ဖြန့်ဝေပေးလျက်ရှိ



**နေပြည်တော် မေ ၁၄**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နွေရာသီသောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသော ကျေးရွာများသို့ ရေဖြန့်ဝေခြင်းနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ် ကျေးလက်ဦးစီးဌာနမှ ဦးစီး၍ မေ ၉ ရက်တွင် လွိုင်ကော်မြို့နယ်အတွင်း ချိုကယ်ကျေးရွာအုပ်စု ဒေါ်မူကလားကျေးရွာနှင့် လွယ်တမူကျေးရွာတို့အား သောက်သုံးရေ ဂါလန် ၃၂၀၀ ဖြန့်ဝေပေးသည်။

အလားတူ မကွေးတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှဦးစီး၍ မေ ၉ ရက်တွင် ကျေးလက်ဦးစီးဌာနဆိုင်ရာများနှင့် အလှူရှင်များပူးပေါင်း၍ နတ်မောက်မြို့နယ် ကံကြီးကုန်း၊ လျှော်သောင်၊ ကြွေးထူးကန်၊ ပိတောက်ကုန်းကျေးရွာများသို့ သောက်သုံးရေဂါလန် ၆၉၂၀ ဖြန့်ဝေလှူဒါန်းပေးသည်။

ထိုနည်းတူ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှဦးစီး၍ မေ ၉ ရက်တွင် မိတ္ထီလာမြို့နယ် ကျေးလက်ဦးစီးမှ ညောင်ပင်လှိုကျေးရွာသို့ သောက်သုံးရေဂါလန် ၃၀၀၀ ဖြန့်ဝေလှူဒါန်းခြင်း၊ မိုးကုတ်မြို့နယ် ပန်လှိုးရေထွက် ပိတ်ဆွယ်ရပ် (၁)၊ (၂)၊ (၃)တို့အား ရေပေးဝေလျက်ရှိသည့် ကိုခိုင်းရေထွက်၊ စဉ့်ကိုင်မြို့နယ် မြို့ဝန်ကုန်းကျေးရွာ ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်း၊ မိတ္ထီလာမြို့နယ် ကန်ကြီးကုန်းကျေးရွာ ရေဂါလန် ၁၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်း၊ သန်းကုန်းကျေးရွာနှင့် လယ်ဗျားကျေးရွာတို့တွင် လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ရမည်းသင်းမြို့နယ် ဖိုကုန်းကျေးရွာ ရေတုံကင်အသစ်လဲလှယ်ခြင်း၊ ရေဖြူမွန်းခြံကျေးရွာ အင်ဂျင်ကွန်ပရက်ဆာ အကြီးစားပြုပြင်ခြင်းလုပ်ငန်း၊ ဝမ်းတွင်းမြို့နယ် အောင်သာမြောက်ကျေးရွာ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းတို့အား တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှဦးစီး၍ ကျောက်တန်းမြို့နယ် ရွှေပြည်သစ် (ဂါးတဲ)၊ သုံးခွမြို့နယ် မိကျောင်းကန်ကျေးရွာ၊ တွံတေးမြို့နယ် စက်ကလေးကျေးရွာတို့သို့ မေ ၉ ရက်တွင် ကျေးလက်ဦးစီးနှင့် အလှူရှင်များပူးပေါင်း၍ သောက်သုံးရေဂါလန် ၃၆၀၀ ပေးဝေလှူဒါန်းခြင်း၊ ခရမ်းမြို့နယ် ညောင်ပင်ကြီးကျေးရွာတွင် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းလုပ်ငန်း၊ အုန်းပင်ကျေးရွာတွင် မြေသားရေကန် အနက်နှိုက်ခြင်းလုပ်ငန်း၊ တွံတေးမြို့နယ် စက်ကလေးကျေးရွာတွင် မြေသားရေကန် ပြုပြင်ခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနမှ ဦးစီး၍ ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရှောပြာကျေးရွာအုပ်စု အောက်ကျင်း၊ အိုးဖိုကုန်း၊ လှေလုံးတောင်၊ အထက်ကလပ်ချီ၊ ကင်ပွန်းချဉ်၊ ဝါးဘိုးတော၊ ကျွန်းကုန်းကျေးရွာများသို့ ဖြူစင်မေတ္တာအသင်းနှင့်ပူးပေါင်း၍ ရေဂါလန် ၃၆၀၀ နှင့် စက်သုံးဆီ ၂၁ ဂါလန် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ်များသို့ ရေဂါလန် ၂၀၃၃၁၁၀ လှူဒါန်း

**ရန်ကုန် မေ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ရေရှားပါးသည့်ဒေသများတွင် ပြည်သူ့အကျိုးပြုရေပေးဝေရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိရာ မတ် ၈ ရက်မှ မေ ၁၀ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ် ၁၄ ခု၊ မြို့နယ် ၂၅၉ မြို့နယ်၊ ရပ်ကွက်/ကျေးရွာ ၄၈၄ တို့အား ရေဂါလန် ၂၀၃၃၁၁၀ ကို ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြည်သူကယုံကြည်သောပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းစနစ် ဖော်ဆောင်ရန်လိုအပ်

**မုံရွာ မေ ၁၄**

ပြည်သူနှင့်ရဲတပ်ဖွဲ့ အပြန်အလှန်ယုံကြည်ကိုးစားမှုနည်းပါးပါက အမျိုးသားရင်ကြားစေ့ရေးကိုပါ ပျက်ပြားစေနိုင်သောကြောင့် ပြည်သူလူထုယုံကြည်သည့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်ဖြစ်အောင် မဖြစ်မနေဖော်ဆောင်ကြရန် အရေးကြီးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး ရက် (၁၀၀) စီမံချက်နှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို မေ ၁၃ ရက် နံနက် ၈ နာရီက မုံရွာမြို့တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်က အဖွင့်အမှာစကားပြောရာတွင် ယင်းသို့ထည့်သွင်းပြောကြားခဲ့သည်။

"မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေနဲ့ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို မဖြစ်မနေ ဆောင်ရွက်ဖို့လိုသလို မိမိတို့ထမ်းဆောင်တဲ့တာဝန်ဟာ ကြီးလေးလှတယ်ဆိုတာ သတိချပ်သင့်ပါတယ်။ တပ်ဖွဲ့ဝင်တိုင်းဟာ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းသွားရမှာဖြစ်ပါတယ်။

'တာဝန်ထမ်းဆောင်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်း တာဝန်ထမ်းဆောင်ပြီး မိမိတို့ရဲ့ လုပ်ငန်းတာဝန်တွေကို စေတနာထား သုံးသပ်ပြုပြင်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်" ဟုလည်း ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ထည့်သွင်းပြောကြားခဲ့သည်။

"စစ်ကိုင်းတိုင်းဒေသကြီး ရက် (၁၀၀) စီမံချက်ကို ဆောင်ရွက်ရာမှာ မြေပြင်လက်တွေ့ဆောင်ရွက်ကြရမယ့် ခရိုင်၊ မြို့နယ်အဆင့်တွေကို အသေးစိတ်ရေးဆွဲထားပြီး ဆောင်ရွက်မှုတွေကို စတင်နေပါပြီ။ ရက် ၁၀၀ စီမံချက်လို့ဆိုပေမယ့် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမယ့် လုပ်ငန်းတွေဖြစ်ပါတယ်။

"စီမံချက် ရက် (၁၀၀) ပြည့်ပြီးရင်လည်း ဒီလုပ်ထုံးလုပ်နည်းတွေအတိုင်း ဆက်သွားပြီး သုံးသပ်ညှိနှိုင်းတာတွေနဲ့ ဒီကနေထွက်လာတဲ့ သင်ခန်းစာပညာစတာတွေကိုယူပြီး ပိုမိုအောင်မြင်တဲ့ လုပ်ငန်းစဉ်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလူလူသန်းက ပြောသည်။

ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲတွင် ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ရေကြောင်းဌာနရဲမှူးချုပ် မြဝင်းက ရဲလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလူလူသန်းက ရက် (၁၀၀) စီမံချက်နှင့် ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းအသိပေးခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဒေသခံများစီမံသော ရေပြင်ကာကွယ်ရေး နယ်မြေထူထောင်ရေး ဆောင်ရွက်မည်

**ကျွန်းစု မေ ၁၄**

ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံများကိုယ်တိုင်စီမံခန့်ခွဲသော အဏ္ဏဝါရေပြင်ကာကွယ်ရေး နယ်မြေထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စု ဒုံးပုလဲအော်ကျေးရွာသို့ မေ ၁၂ ရက် ညနေ ၅ နာရီခန့်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FAUNA AND FLORA INTERNATIONAL (FFI)-Myanmar Programme အဖွဲ့ရောက်ရှိခဲ့ကြကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် (FFI)-Myanmar Programme မှ ဦးစိုးသီဟလိုက်ပါလျက် (FFI)-Myanmar Programme မှ Marine Adviser ဖြစ်သူ ဩစတြေးလျနိုင်ငံသား Mr.ROBERT PAUL HOWARD တို့သည် ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ဒေသခံကိုယ်တိုင်စီမံခန့်ခွဲသော အဏ္ဏဝါရေပြင်ကာကွယ်ရေး နယ်မြေထူထောင်ရေးလုပ်ငန်းဆောင်ရွက်နိုင်ရန် ပြုလုပ်သွားကြမည်ဖြစ်သည်။



**ရန်နိုင်(ကျွန်းစု-မြိန်/ဆက်)**

# ယာဉ်မရပ်ရလမ်းများ ဆိုင်းဘုတ်စိုက်ထူအသိပေးထား၊ လိုက်နာမှု မရှိသောယာဉ်များအား အရေးယူ

**ရန်ကုန် မေ ၁၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်တွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်ပေါ်စေရေးအတွက် ယခင်ကျဉ်းမြောင်းနေသောကားလမ်းများကို တိုးချဲ့ပေးထားပြီး ယာဉ်မရပ်ရလမ်းများ သတ်မှတ်ထားသော်လည်း အချို့သောယာဉ်မောင်းများက စည်းကမ်းလိုက်နာမှုမရှိဘဲ ရပ်တန့်ရပ်နားထားမှုများရှိနေသဖြင့် စည်းကမ်းထိန်းသိမ်းအရေးယူဆောင်ရွက်နေကြောင်း မေ ၁၃ ရက်က ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်အတွင်း ယာဉ်မရပ်ရလမ်းများပေါ်တွင် ရပ်တန့်ရပ်နားထားသောမော်တော်ယာဉ်များကို ဆွဲယာဉ်ဖြင့်ဖယ်ရှားခြင်း၊ ချလန်ဖြတ်အရေးယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့်လုပ်ငန်းခွင်မှ မြို့နယ်စည်ပင်သာယာလက်ထောက်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦးက ပြောသည်။

"သတ်မှတ်ထားတဲ့ ယာဉ်မရပ်ရလမ်းတွေမှာ အချိန်အကြာကြီးရပ်နားထားတော့ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်နိုင်ပါတယ်။ ဒါကြောင့် စည်းကမ်းချိုးဖောက်ပြီးရပ်နားထားတဲ့ မော်တော်ယာဉ်တွေကို မြင်တွေ့ရင် စည်းကမ်းထိန်းသိမ်းအရေးယူဆောင်ရွက်သွားမှာပါ" ဟု ၎င်းက ရှင်းပြသည်။

ယင်းကဲ့သို့ဆောင်ရွက်ရာတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးတင့်လွင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြတ်မော်ဦးတို့က ပူးပေါင်းအဖွဲ့ဖြင့် ပင်လုံလမ်း၊ ပြည်ထောင်စုလမ်း၊ ဗိုလ်မှူးဗထူးလမ်းတို့တွင် စည်းကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ စည်းကမ်းမဲ့ရပ်တန့်ရပ်နားထားသော မော်တော်ယာဉ်တစ်စီးကို ဆွဲယာဉ်ဖြင့်ဖယ်ရှားပြီး ကျန်မော်တော်ယာဉ် ခုနစ်စီးတို့ကို ချလန်ဖြတ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျက်မှောက်ကာလ၌ ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကားလမ်းများချဲ့ပေးခြင်း၊ ခုံးကျော်တံတားများ၊ မြစ်ချောင်းကူးတံတားများ တည်ဆောက်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးထားသော်လည်း ယာဉ်မောင်းအချို့က ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်း၊ လမ်းဆုံလမ်းခွ မီးပွိုင့်များနှင့် ယာဉ်မရပ်ရလမ်းများတွင် ရပ်နားထားသဖြင့် စည်းကမ်းထိန်းသိမ်း အရေးယူနေခြင်းဖြစ်ကြောင်း သိရသည်။

**မောင်သုည**

# ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများဖွင့်လှစ်ထား

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center- MRC) များကို ဖွင့်လှစ်ရခြင်းမှာ ဒေသတွင်းအလုပ်သမားများ ရွှေ့ပြောင်းသွားလာခြင်း လုပ်ငန်းစဉ်များနှင့် ရွှေ့ပြောင်းအလုပ်သမားများ တရားဝင် ရွှေ့ပြောင်းသွားလာခြင်းအတွက် အဆင့်ဆင့်ဦးစားပေးဆောင်ရွက်ရမည့် လိုအပ်ချက်များ၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့် အလုပ်သမားများ၊ ဖြစ်နိုင်ချေရှိသော ရွှေ့ပြောင်းအလုပ်သမားများ သိသင့်သိထိုက်သော သတင်းအချက်အလက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ မှန်ကန်စွာရရှိရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ သိရှိလိုက်နာဆောင်ရွက်နိုင်ရေး၊ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများမှတစ်ဆင့် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ရေး၊ ရွှေ့ပြောင်းသွားလာခြင်းဖြစ်စဉ်တွင် ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေးစသည့် ဝန်ဆောင်မှုများပေးနိုင်ရန် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေးဗဟိုဌာန (Migrant Resource Center - MRC) ကို ရွှေ့ပြောင်းသွားလာမှုအများဆုံးနေရာဒေသများဖြစ်သည့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၊ မြင်းခြံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်မြို့နယ်တို့တွင် (International Labour Organization - ILO) နှင့် ပူးပေါင်း၍လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် မြဝတီမြို့နယ်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့တွင် (International Organization for Migration- IOM) နှင့်ပူးပေါင်း၍လည်းကောင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်အောက်ရှိ မြို့နယ်အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင်လည်းကောင်း၊ ယင်းရုံးများနှင့် ပူးပေါင်း၍လည်းကောင်း ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

အဆိုပါ Center များတွင် ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသော အလုပ်သမားများ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ယင်းတို့၏ မိသားစုများအား အသိပညာပေးခြင်းနှင့် အကြံပြုဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းစသည့် ရွှေ့ပြောင်းသွားလာခြင်းနှင့် သက်ဆိုင်သော ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ရွှေ့ပြောင်းသွားလာ၍ အလုပ်လုပ်ကိုင်လိုသောမြန်မာအလုပ်သမားများအနေဖြင့် သွားရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနများ၏ဆက်သွယ်ရန် လိပ်စာများ**

၁။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မရမ်းကုန်းမြို့နယ်
အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ အမှတ် ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁-၆၆၀၅၉၅၊

၂။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ချမ်းအေးသာစံမြို့နယ်
(၃၅)လမ်း၊ ရန်ကြီးအောင်လမ်းနှင့် လမ်း(၉၀)ထောင့်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း ၀၂-၂၁၁၅၀၊ ၀၉-၉၇၇၂၂၀၈၅၂၊

၃။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)မကွေးမြို့
အကွက်(၁၂)၊ အမှတ်(၉) စီတာပတ်ကွင်းလမ်း၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး၊ ဖုန်း-၀၆၃-၂၁၀၁၉၊

၄။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)ဘားအံမြို့
အမှတ်(၃) ရပ်ကွက်၊ ဗိုလ်တဲကုန်း၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်၊ ဖုန်း ၀၅၈-၂၁၁၀၆၊

၅။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) မော်လမြိုင်မြို့
အမှတ်(၁၇)၊ ကျိုက်သာလန်ဘုရားလမ်း၊ ရွှေတောင်ရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်၊ ဖုန်း ၀၅၇-၂၁၁၄၅၊

၆။ မော်ကွမ်းဒေသ ဒေသဖွံ့ဖြိုးရေးအဖွဲ့၊ ခတ္တာလမ်း၊ မြို့သစ်ရပ်၊ ရပ်ကွက် (၃)၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်အရှေ့ပိုင်း
ဖုန်း ၀၉-၄၉၀၃၃၄၂၃၊

၇။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး) မိတ္ထီလာမြို့
အောင်သုခလမ်း၊ အောင်ဇေယျာရပ်ကွက်၊ မိတ္ထီလာမြို့၊
မန္တလေးတိုင်းဒေသကြီး၊ ဖုန်း ၀၆၄-၂၃၀၄၈၊ ၀၉-၉၇၇၂၂၀၈၅၃၊

၈။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မြင်းခြံမြို့
အမှတ် (၁၉)၊ တိုးချဲ့ကွက်သစ်(ခ)၊ (၁၇၆/၁၇၇)၊ မြင်းခြံမြို့၊
မန္တလေးတိုင်းဒေသကြီး၊ ဖုန်း - ၀၆၆-၃၀၄၈၈၊ ၀၉-၉၇၇၂၂၀၈၅၄၊

၉။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) ကျောက်ဆည်မြို့
အောက်ချိုင်းရပ်၊ ဆူးကုန်းအုပ်စု၊ ကျောက်ဆည်မြို့၊
မန္တလေးတိုင်းဒေသကြီး၊ ဖုန်း- ၀၆၆-၅၀၃၄၀၊ ၀၉-၉၇၇၂၂၀၈၅၅၊

၁၀။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) ထားဝယ်မြို့
ဆိပ်ကမ်းသာလမ်း၊ ဆန်ချိုးမြို့သစ်၊ ထားဝယ်မြို့၊
တနင်္သာရီတိုင်းဒေသကြီး၊ ဖုန်း- ၀၅၉-၂၁၀၄၂၊ ၀၉-၉၇၇၂၂၀၈၅၁၊

၁၁။ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး) မြဝတီမြို့
အမှတ် (၄)ရပ်ကွက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်
ဖုန်း- ၀၅၉-၅၀၂၂၃၊

**Complaints Mechanism Center**

ပြည်တွင်း/ပြည်ပတွင် လုပ်ကိုင်နေကြသော မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရန် Complaints Mechanism Center ကို ၂၇-၆-၂၀၁၃ ရက်နေ့တွင် နေပြည်တော်၌လည်းကောင်း၊ ၃-၇-၂၀၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌လည်းကောင်း ဖွင့်လှစ်ပေးပြီး တိုင်ကြားလာသော အလုပ်သမားရေးရာကိစ္စများကို ၂၄နာရီ လက်ခံဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်း/ပြည်ပတွင် အလုပ်လုပ်ကိုင်နေသော အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်အတွင်း ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အကူအညီတောင်းခံတိုင်ကြားနိုင်ပါသည်-

**နေပြည်တော်၊ Complaints Mechanism Center**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊
ရုံးအမှတ်(၅၁)
ဖုန်း-၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀၂၈၄

**ရန်ကုန်၊ Complaints Mechanism Center**
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (တိုင်းဒေသကြီးရုံး)၊
ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၈/၁)၊
နဂါးရုံဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၆၅၀၀၈၉၊ ၀၁-၆၅၀၁၈၇

# မြန်မာအလုပ်သမားများ၏ ပတ်စ်ပို့များရယူပြီး ငွေလိမ်လည်သူအား ဖမ်းဆီး

**မဟာချိုင် မေ ၁၄**
ထိုင်းနိုင်ငံ မဟာချိုင်နယ်မြေ နောင်ခဲနယ်မြေအတွင်း မြန်မာရွှေ့ပြောင်းအလုပ်သမားများအား အလုပ်အကိုင်ရှာပေးမည်ဆိုကာ အလုပ်သမားများထံမှ ပတ်စ်ပို့စာအုပ်ရယူ၍ စာရွက်စာတမ်းပြောင်းခ အကြောင်းပြ လိမ်လည်ငွေတောင်းခံပြီး အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးခြင်းမပြုဘဲ ပတ်စ်ပို့စာအုပ်များ ပြန်လည်လိုချင်ပါက ငွေထပ်မံတောင်းယူ လိမ်လည်နေသည့် မြန်မာနိုင်ငံသားတစ်ဦးအား မေ ၁၂ ရက်က "AAC" အဖွဲ့ ၏အကူအညီဖြင့် ထုတ်ဖော်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါ ငွေလိမ်လည်သူ မြန်မာနိုင်ငံသားမှာ မွန်ပြည်နယ်ချောင်းဆုံမြို့နယ်မှ မင်းအောင်ကို အသက် ၃၀ ဖြစ်ပြီး မဟာချိုင်နယ်မြေအတွင်း လာရောက်အလုပ် လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၄၀ ကျော်၏ ပတ်စ်ပို့စာအုပ်များအား အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးမည်ဆိုကာ ယူဆောင်ခဲ့ပြီး နည်းအမျိုးမျိုးဖြင့် အကြောင်းပြ ချိန်းဆို ငွေညစ်လိမ်လည်ခဲ့သဖြင့် ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများအား ကူညီပေးရေးအဖွဲ့ တစ်ခုဖြစ်သည့် "AAC" အဖွဲ့ နှင့် မျိုးချစ် မဟာချိုင်လူငယ်များအဖွဲ့ ပူးပေါင်း၍ ထိုသူအား ဖော်ထုတ်ကာ ရဲတပ်ဖွဲ့သို့ အပ်နှံနိုင်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

၎င်းထံတွင် ခရမ်းရောင်ပတ်စ်ပို့ စာအုပ်လေးအုပ်နှင့် ပန်းရောင်ကတ်လေးခုကို သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ ၎င်းအားဖမ်းဆီးဖော်ထုတ်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း လွတ်မြောက်လျက်ရှိပြီး ယခုအကြိမ်တွင် မြန်မာမိန်းကလေးတစ်ဦးက သူ၏ပတ်စ်ပို့စာအုပ်အား လိမ်လည်ခံရပြီဖြစ်ကြောင်း "AAC" အဖွဲ့သို့ ချက်ချင်းလာရောက်အကူအညီ တောင်းခံသဖြင့် အကွက်ဆင် ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းသည် ထိုင်းစကားကို ကျွမ်းကျင်စွာပြောဆိုတတ်သူတစ်ဦးဖြစ်ပြီး အလိမ်ခံရသူများထံမှ ငွေပေးငွေယူကိစ္စများအား ထိုင်းဆိုင်ကယ်တက္ကစီသမားများနှင့် ဘဏ်အကောင့်များကိုလည်းအသုံးချလိမ်လည်မှုများ ဆောင်ရွက်လေ့ရှိကြောင်း ထိုင်းအခြေစိုက် မြန်မာအလုပ်သမားများအကူအညီပေးရေးအဖွဲ့ "AAC" မှတစ်ဆင့် သိရသည်။

**ကျော်စိုး (ကော့သောင်း ပြန်/ဆက်)**

# ယာဉ်လုပ်ငန်းကြီးကြပ်ရေး ကော်မတီနှင့်အဖွဲ့က သောက်သုံးရေများလှူဒါန်း

**ပေါင် မေ ၁၄**
အယ်နီညိုရာသီဥတုကြောင့် နွေရာသီသောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရသော မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ ကွင်းရွာများသို့ မွန်ပြည်နယ် ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီနှင့်အဖွဲ့က မေ ၁၂ ရက် နံနက် ၁၁ နာရီက ရေရှားပါးသည့် ကွင်းရွာများသို့ သောက်ရေသန့်ဘူးများဖြန့်ဝေပေးခဲ့ကြသည်။

"လာလှူတဲ့ အဖွဲ့အစည်းအများစုက သွားရလာရလွယ်ကူပြီး နာမည်ကြီးတဲ့ အလှုပ် ထန်ပင်ချောင်တို့လိုရွာတွေပဲ သွားတာများတယ်။ ကျွန်တော်တို့လို သွားလာရခက်ခဲပြီး လမ်းမကောင်းတဲ့ သပြေကုန်၊ ညောင်ကုန်လေး၊ ဇီးကုန်၊ ကားတဲ၊ ဥက္ကံတို့လို ရွာတွေကိုကြတော့ အရောက်နည်းတယ်။ တစ်ချို့ရက်တွေဆို နှစ်ရက်သုံးရက်လောက်ကြာမှ လာလှူတဲ့ အလှူရှင်တွေ ရောက်လာကြတယ်" ဟု သပြေကုန်ကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောပြသည်။

"ကျွန်တော်တို့ကတော့ အလှူရှင်အရောက်နည်းပြီး သွားလာရခက်ခဲတဲ့ ကွင်းရွာတွေကို ဦးစားပေးပြီး လှူပါတယ်။ သပြေကုန်၊ ညောင်ကုန်လေး၊ ဇီးကုန်း၊ ကားတဲ စတဲ့ကွင်းရွာတွေကို အိမ်တစ်အိမ်လျှင် သောက်ရေသန့်ဘူး လီတာ ၂၀ ဝင် နှစ်ဘူးစီ၊ သက်ကြီးရွယ်အိုတွေပဲရှိတဲ့ အိမ်တွေကြတော့ ထမ်းပြီးပို့ပါတယ် သောက်ရေသန့်ဘူး လီတာ ၂၀ ဝင် ဘူး ၅၀၀ နဲ့ တစ်လီတာဝင်သောက်ရေသန့်ဘူး ခြောက်ဘူးပါ ၆၅ကတ် လှူဒါန်းခဲ့ကြတယ်" ဟု မွန်ပြည်နယ် ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်းမောင်က ပြောသည်။

**ပေါင်မြို့နယ်(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး လက်ကမ်းစာစောင်နှင့် ဆိုင်ကယ်စီးဦးထုပ်များ ဝေငှ

**ဘီးလင်း မေ ၁၄**
သထုံခရိုင် ဘီးလင်းမြို့နယ်တွင် ယာဉ်မတော်တဆမှုများ လျော့နည်းကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်နှင့် ဆိုင်ကယ်စီးဦးထုပ်များဝေငှခြင်းကိုမြို့နယ်သာသနာ့ဗိမာန်အရှေ့တွင် မေ ၁၂ ရက်က ဆောင်ရွက်ခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက လူစည်ကားရာနေရာများ၌ မော်တော်ယာဉ်အသုံးပြုသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးဟောပြောပြီး ဆိုင်ကယ်စီးဦးထုပ်များ စစ်ဆေးကာ အခမဲ့ဝေငှပေးခြင်းဖြစ်သည်။

"ယာဉ်မတော်တဆမှုဖြစ်စဉ်များကိုကြည့်ရင် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်ပွားရခြင်းမှာ အများအားဖြင့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်းကြောင့်ဖြစ်တာကို တွေ့ရတယ်။ ဒါကြောင့် လူတိုင်းဆိုင်ကယ်ပေါ် တက်ပြီဆိုတာနဲ့ ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်ပြီးမှ စီးရင် မိမိရဲ့အသက်အန္တရာယ်ထိခိုက်မှုကို လျော့နည်းစေမှာဖြစ်တယ်။ ပညာပေးလုပ်ငန်းများပြီးရင်တော့ စည်းကမ်းမဲ့ယာဉ်မောင်းနှင်မှုများကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးချစ်ကိုကိုက ပြောသည်။

ဘီးလင်းမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဆိုင်ကယ်စီးဦးထုပ်များဝေငှခြင်းကို လူစည်ကားရာနေရာများ၌ နေ့အလိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ကျေးလက်ကျန်းမာရေး ဆေးခန်းအဆောက်အအုံနှင့် ဝန်ထမ်းများအတွက် အိမ်ရာဆောက်လုပ်မှု ရာနှုန်းပြည့်ပြီးစီး

**ဗန်းမောက် မေ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် လေးသီအုပ်စု နောင်မဲ့လုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးခန်းအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာကို ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုငွေကျပ်သိန်း ၆၀၀ အကုန်အကျခံ၍ဆောက်လုပ်ခဲ့ရာ ယခုအခါရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဆေးခန်းသည် အလျားပေ ၄၁၊ အနံပေ ၃၀၊ အမြင့် ကိုးပေရှိသော သွပ်မိုး တစ်ထပ်အဆောက်အအုံဖြစ်သည်။

ကျေးလက်ကျန်းမာရေး အဆောက်အအုံ တည်ဆောက်ပြီးစီးသွားပြီဖြစ်သောကြောင့် လေးသီကျေးရွာအုပ်စုအတွင်းရှိ နောင်မဲ့လုံကျေးရွာအပါအဝင် ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက်များစွာ အထောက်အကူပေးနိုင်တော့မည်ဖြစ်သည်။

**၀၅၈**

# မိုးသက်လေပြင်းကျရောက်ပြီး မိုးကြိုးပစ်သဖြင့် ခိုင်းနွားနှစ်ကောင်သေဆုံး

**မုံရွာ မေ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်တွင် မေ ၁၃ ရက် နံနက်ပိုင်းက မိုးသက်လေပြင်းများကျရောက်ခဲ့ပြီး မိုးကြိုးပစ်သဖြင့် ခိုင်းနွားနှစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်မြောင်းမြို့နယ် ကုလားမကျေးရွာတွင် နံနက် ၄နာရီ ၄၅ မိနစ်က မိုးသက်လေပြင်းနှင့်အတူ မိုးကြိုးပစ်ခတ်ခဲ့မှုကြောင့် အဆိုပါကျေးရွာနေ တောင်သူ ဦးချစ်ခင်၏ နေအိမ်နွားတင်းကုပ်အတွင်းရှိ ခိုင်းနွားနှစ်ကောင် မိုးကြိုးထိမှန် သေဆုံးခဲ့သည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်

**စဉ့်ကိုင် မေ ၁၄**
စဉ့်ကိုင်မြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ သိရှိနားလည်သဘောပေါက်ပြီး လိုက်နာကျင့်သုံးတတ်စေရန် အသိပညာပေးခြင်းလုပ်ငန်းများကို မေ ၁၃ ရက် နံနက် ၉ နာရီက စဉ့်ကိုင်မြို့ လမ်းဆုံနှင့်မြို့အဝင်တိုးဂိတ်တို့တွင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

စဉ့်ကိုင်မြို့သည် ရန်ကုန်-မန္တလေး လမ်းမပေါ်တွင်တည်ရှိသောကြောင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ တိုးပွားလာသည်နှင့်အမျှ ပြည်သူများယာဉ်အန္တရာယ်ကင်းဝေးစေပြီး ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများစနစ်တကျလိုက်နာကျင့်သုံးတတ်စေရန်၊ ယာဉ်အန္တရာယ် ကင်းရှင်းစေရန် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလှမြင့်ကပြောသည်။ **တင်တင်ထွေး(စဉ့်ကိုင်)**



# စာဖတ်ရှုနိမြင့်တင်ရေးနှင့် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲဆောင်ရွက်

**ကလေး မေ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ မြောက်စည်းကျေးရွာအုပ်စု မြောက်စည်း(ရွာသစ်) မြောက်စည်း(ရွာဟောင်း)နှင့် ခုံတိုးမြို့သာကျေးရွာအုပ်စု ခုံတိုးမြို့သာကျေးရွာများသို့မေ ၁၁ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူကာကွယ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှုနိမြင့်တင်ရေးနှင့် စားသုံးသူ ကာကွယ်ရေးအသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲများကို မြောက်စည်း(ရွာသစ်)နှင့် မြောက်စည်း(ရွာဟောင်း) ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများနှင့် ခုံတိုးမြို့သာကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံအတွင်း၌ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းထိုက်အောင်က စာဖတ်ရှုနိမြင့်မားလာစေရန်အတွက် ကျေးရွာပြည်သူများ စာဖတ်ကြပြီး အတွေးအခေါ် အသိပညာ ဗဟုသုတရှိမှသာ ပြည်သူများ ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်စဉ်ကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ထိန်းကျောင်းသွားနိုင်မည်ဖြစ်ကြောင်း ဆွေးနွေး ဟောပြောကာ စားသုံးသူ ကာကွယ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းဝင်းက မြန်မာပြည်သည် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း များပြားသည့်အတွက် ယင်းပြဿနာကို တစ်မျိုးသားလုံးလှုပ်ရှားမှုကြီး တစ်ခုအနေဖြင့် တိုက်ဖျက်ရန် အတွက် စားသောက်ဆိုင်တိုင်း၊မိသားစုတိုင်း၊ ချက်ပြုတ်ထုတ်လုပ်သူတိုင်း လိုက်နာရမည့် အချက်များအားအသေးစိတ် ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ကျေးရွာသုံးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာစာကြည့်တိုက်မှူးနှင့် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များ၊ ကျေးလက်ဒေသခံပြည်သူများ စုစုပေါင်း ၂၅၈ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

# လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ဆိပ်ဖြူ မေ ၁၄**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး မှုခင်းကျဆင်းရေးလုပ်ငန်းများကို ရက် (၁၀၀) စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စီမံချက်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းမြင့်ဝင်း၏ လမ်းညွှန်ချက်အရ မေ ၁၂ ရက် ည ၈ နာရီတွင် မြို့မစခန်းမှူး ဒုရဲမှူးမြင့်အောင်ထွန်းဦးဆောင်၍ နယ်ထိန်းတပ်ဖွဲ့ရဲအုပ်ကျော်စိုးခိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ တပ်ကြပ်ကြီးဌေးတင့် ပါဝင်သော တပ်ဖွဲ့ဝင်များသည် အနော်ရထာတံတားထိပ်တွင် မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအား ရှာဖွေစစ်ဆေးခြင်းလုပ်ငန်းများ၊ အနော်ရထာတံတားပေါ်နှင့် မြို့တွင်း နေရာများအားလှည့်ကင်းပတ်ကင်းများ ပြုလုပ်၍ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး မှုခင်းကျဆင်းရေးလုပ်ငန်းများအား အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင်** (IPRD)

# မြဲရာသံပတ် ကျပ်ရာသပ်ပင်း ရန်ပုံခွင်းသည့် မြို့ဝန်မင်း


ဓာတ်ပုံ- အီးပီအေ

**ခ ကိုရင်ညြ**

သုသာန်တစပြင် တစ်နေရာရှိ မိဘနှစ်ပါးအား မြှုပ်နှံထားရာ အုတ်ဂူရှေ့မှောက်၌ ပုဆစ်တုပ် ဒူးထောက်ထိုင်ကာ ရှိုက်ကြီးတငင ငိုကြွေးနေသူတစ်ဦးကား အားကောင်းမောင်းသန် ယောက်ျားရင့်မကြီးတစ်ဦးတည်း။ မေ ၁၀ ရက်က အရှေ့ကျင်း အလင်းရောင်မလာမီ နံနက် (၃) နာရီ ဝန်းကျင်၌ မိဘနှစ်ပါးအား ကန်တော့ပန်းဆင်ရင်း အားယူပြောချလိုက်သော စကားများကား "အဖေ အမေတို့ရေ. . . သားအနားမှာ တစ်ယောက်မှ မရှိကြတော့ဘူးလားခင်ဗျာ" ဟူသတည်း။

သချိုင်းအုတ်ဂူနံဘေး ဝပ်တွားကာ မိဘနှစ်ပါးအား ကန်တော့ပန်းဆင်နေသူ ပုဂ္ဂိုလ်ကြီးမှာ အသက် ၇၁ နှစ်ရှိ အဖိုးအိုတစ်ဦးဖြစ်ပြီးလျှင် တအောင့်မျှအကြာတွင် သူ၏ အနား တစ်ဖဝါးမခွာ လိုက်ပါလာကြသော သတင်းထောက်များကို သူပြောကြားလိုက်သည်မှာ . . .

"ကျုပ် သမ္မတလုပ်ရတော့မယ်" ဟူ၏။

## ဒုစရိုက်မှုတိုက်ဖျက်သူ

ပြည်သူတို့ အပ်နှင်းသော အခွင့်အာဏာ (မန်းဒိတ်)ရပြီဟု ကျူးရင့်လိုက်သူကား သီလဗျသန(ဝါ) အကျင့်သီလကျိုးပေါက်နေသော ဒုစရိုက်သမားများကို မမှိတ်မသုန်ချေမှုန်းတိုက်ဖျက်နေသူ နိုင်ငံရေးသမားကြီး ရိုဒရစ်ဂိုဒူတတ်တေးဖြစ်လေ၏။

ဖိလစ်ပိုင်နိုင်ငံ၏ ရေကြမ်းမြေကြမ်းဒေသတစ်ခုအဖြစ် တစ်ချိန်တစ်ခါက ထင်ပေါ်ကျော်ကြားခဲ့သော မင်ဒါနာအိုကျွန်းရှိ အထင်ကရ မြို့ကြီးဖြစ်သည့် ဒါဗာအိုမြို့၏ သက်တော်ရှည် မြို့တော်ဝန်အဖြစ် စိုးစံခဲ့သော ဒူတတ်တေးသည် မေ ၉ ရက်က ကျင်းပသော ရွေးကောက်ပွဲ၌ ရဲရဲတောက် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီးလျှင် ပဏာမ မဲစာရင်းရလဒ်များအရ အောင်ပွဲရသူအဖြစ် နိုင်ငံတစ်ဝန်းဝယ် ရောင်ပြန်ဟပ်လျက်ရှိလေသည်။

ပဏာမ မဲစာရင်းရလဒ်အရ ဒူတတ်တေးက မဲအများဆုံးရရှိထားပြီးလျှင် ဒုတိယနေရာနှင့် တတိယနေရာရရှိထားကြသော ဂရေ့စ်ပိုးနှင့် မင်ချူယယ်အရန်နီတာရိုယက်တို့က ၎င်းတို့ ရှုံးနိမ့်ကြပါပြီဟု ဝန်ခံကြလေကုန်၏။

## သူလိုလူ ဇမ္ဗူတစ်လွှား တုဘက်ပြိုင်ရှား

ဒူတတ်တေးဆိုသူကား ရမထာ ရွှေကြိမ်လုံးကို ကိုင်သူမဟုတ်၊ ပစ္စတိုသေနတ်ကိုင်သူ မြို့ဝန်အဖြစ် ပါးစပ်ရာဇဝင်တွင်ရစ်လေသည်။

ဒူတတ်တေးကို 'ဒဏ်ပေးသူ' ဟူ၍ ကမ္ဘာကျော်တိုင်းမ်မဂ္ဂဇင်းက ချစ်စနိုးခေါ်တွင်၏။ လူ့အခွင့်အရေး အဖွဲ့အစည်းများကမူ တရားဥပဒေ စည်းမျဉ်းများအား ကျော်လွန်၍ ရှာလွန်ရှက်တိုက် ပြုမူတတ်သော လက်မရွံ့အဖွဲ့များကို မသိကျိုးကျွံ ခွင့်ပြုပေးထားသူအဖြစ် စွပ်စွဲခဲ့ကြသည်။

မြို့ဝန်အဖြစ် တာဝန်ယူချိန်အတွင်း ၎င်းအုပ်စိုးရာ မြို့အတွင်း မှုခင်းကျဆင်းစေရန် ရည်ရွယ်လျက် ဒုစရိုက်ဂိုဏ်းသားများကို မညှာမတာ မထောက်ထားသည့် ဘာမထီယောက်ျားအဖြစ် မကြောက်မရွံ့ နောက်မတွန့် ပြုမူဆက်ဆံတတ်သူအဖြစ် အကျော်အဇောရှိလေသည်။

ဒါဗာအိုမြို့ကြီးအတွင်း ဒုစရိုက်မှုခင်းများ ကျဆင်းစေရန် ယမမင်းတပ်ဖွဲ့များ (Death Squads) အား လက်သပ်မွေးကာ ဒုစရိုက်ဂိုဏ်းသားများကို လျှို့ဝှက်နှိမ်နင်းစေခဲ့သည်ဟု လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ စွပ်စွဲသံများ သောသောညံခဲ့၏။

လူပြန်ပေးဆွဲခြင်း၊ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်ခြင်းစသည့် ရာဇဝတ်ပြစ်မှုများကို ထိရောက်စွာ နှိမ်နင်းနိုင်မည့် နည်းလမ်းတစ်ရပ်မှာ အကျဉ်းနည်းဖြင့် အဆုံးစီရင်ခြင်းဖြစ်သည်ဟု မြို့တော် မနီလာ၌ ၂၀၀၅ ခုနှစ် ဇူလိုင်လက ပြုလုပ်သော ရာဇဝတ်မှုခင်း တိုက်ဖျက်ရေး ညီလာခံတစ်ရပ်တွင် မြို့ဝန် ဒူတတ်တေးက ပြောဆိုခဲ့သည်ဆို၏။

ဒူတတ်တေးသည် အခြားသောနိုင်ငံရေးသမားများနှင့် မတူညီသည့် အချက်မှာ ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ပြောတတ်ခြင်းဖြစ်သည်။

"ကျုပ်မြို့မှာ ဥပဒေမဲ့ မဟုတ်တာတွေ လာလုပ်မယ်၊ အပြစ်မဲ့ ပြည်သူတွေအပေါ် မတရားပြုကျင့်မယ်၊ အနိုင်ကျင့်မယ်ဆိုလို့ကတော့ ဘယ်ဒုစရိုက်ဂိုဏ်းသားမရွေး သေဖို့သာပြင်ပေတော့။ ဒုစရိုက်သားမှန်သမျှကို ကျုပ်တို့ရဲ့ တရားဝင်ပစ်မှတ်အဖြစ် သတ်ပစ်မယ်" ဟူ၍ ၂၀၀၉ ခုနှစ်အတွင်း ဒူတတ်တေးက တွဲတိုးပြောကြားခဲ့သည်။

ဒူတတ်တေးကို ဝသီဘော်ကြမ်းသူအဖြစ် အများက ရှုမြင်ကြ၏။ တစ်ကြိမ်တစ်ခါတွင် မူးယစ်ဆေးရာဇာများကို သူကြိမ်းမောင်းပုံက ပိသာလေးနှင့် နံဘေးပစ်လိုက်သလို နာလိုခံခက်ရှိလှ၏။

"မူးယစ်ရာဇာတွေ ကျုပ်မြို့အတွင်းမှာ ခေါင်းတလားထဲကလိုက်ပါပြီး သွားရလိမ့်မယ်။ မူးယစ်ရာဇာကို လက်မရွံ့တပ်ဖွဲ့ သုံးပြီး သတ်ပစ်ဖို့ မလိုဘူး။ တရားသူကြီးရှေ့မှောက် အရောက်ပို့ပြီး သေဒဏ်စီရင်လို့ရတယ်" ဟူ၍ ဒူတတ်တေးက သတင်းထောက်များကို ပြောကြားခဲ့ဖူးလေသည်။

ဒါဗာအိုမြို့အတွင်း နံပါတ်ကုန်အောင် ဆိုးမိုက်သူ မရှိစေရ၊ တရားဥပဒေစိုးမိုးရေးကို ပမာမခန့်ပြုလျှင် ပြင်းထန်စွာ အရေးယူမည်ဟူသော မူဝါဒကိုင်စွဲသူ ဒူတတ်တေး၏ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုတတ်ခြင်းနှင့် ပတ်သက်၍ ဖိလစ်ပိုင်နိုင်ငံတွင် ထုတ်ဝေသော သတင်းစာများက သဲကြီးမဲကြီး ဝေဖန်ရေးသားခဲ့ကြဖူးလေသည်။

အရေးအတွက်သိမ်းနှင့်ချီသော ရာဇဝတ်ကောင်များကို အရှင်မထား၊ သူတို့၏ အလောင်းများကို မနီလာပင်လယ်အော်အတွင်းသို့ စွန့်ပစ်မည်ဟု မြို့ဝန်ဖြစ်လာအပြီး လအနည်းငယ်အကြာမှာပင် ဘီလူးဆိုင်းတီးခဲ့သူမှာ ဒူတတ်တေးဖြစ်သည်။

ဒါဗာအိုမြို့အနှံ့တွင် လုံခြုံရေးကင်မရာရာပေါင်းများစွာကို တပ်ဆင်စေခဲ့ပြီး အချိန်မလပ် လေ့လာစောင့်ကြပ်စေခဲ့သည်။

ဒူတတ်တေးသည် ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ် ညဘက် ရှောင်တခင်စစ်ဆေးမှုကို ပြုလုပ်လေ့ရှိသည်။ ယာမာဟာ မော်တော်ဆိုင်ကယ်ကို ကိုယ်တိုင်မောင်းနှင်ကာ တပည့်နှစ်ဦးက မော်တော်ဆိုင်ကယ် တစ်စီးစီဖြင့် အပါးမှ ထက်ကြပ်မကွာလိုက်ပါစေသည်။ ဆိုင်ကယ်သုံးစီး နောက်တွင်မူ အမ်-၁၆ သေနတ်များ ကိုင်ဆောင်ထားကြသော သက်တော်စောင့်တပ်ဖွဲ့၏ ပစ်ကပ်ကားတစ်စီးက အခြံအရံ လိုက်ပါလေ့ရှိသည်။

အရက်မူးနေသော ရဲတပ်ဖွဲ့ဝင်များကို အပြစ်ပေးလေ့ရှိပြီး ဖမ်းဆီးရမိသော ခါးပိုက်နှိုက်များကို ခါးပတ်သို့မဟုတ် ကြာပွတ်ဖြင့် ရိုက်နှက်ဆုံးမတတ်သူမှာ ဒူတတ်တေးဖြစ်သည်။

မြို့တွင်းရှိ လမ်းများပေါ်တွင် ကားပြိုင်ပွဲပြုလုပ်တတ်သော သူဌေးသား ဆယ်ကျော်သက်အရွယ် လူငယ်များကို ဖမ်းမိပြီဆိုလျှင် ပြစ်ဒဏ်ပေးသည့်အနေဖြင့် သူတို့ကို ဝတ်လစ်စလစ်ပုံစံဖြင့် စီတန်းကာ လမ်းလျှောက်စေသည်။

## သက်တော်ရှည်မြို့ဝန်

ဒူတတ်တေးသည်ကား ဖိလစ်ပိုင်နိုင်ငံ၏ သက်တော်ရှည် မြို့ဝန်တစ်ဦးတည်း။ ၁၉၈၇ ခုနှစ်တွင် မြို့တော်ဝန်အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး ၁၉၉၃ ခုနှစ်တွင် ဒါဗာအိုမြို့၏ အမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြန်သည်။ ၂၀၀၁ ခုနှစ်တွင် မြို့တော်ဝန်ရာထူးအတွက် ထပ်မံရွေးချယ်တင်မြှောက်ခံရပြန်ရာ မြို့တော်ဝန်သက်တမ်း ခုနစ်ဆက်၊ လုပ်သက် စုစုပေါင်း ၂၂ နှစ်ကျော်အထိ အတွေ့အကြုံရှိသူဖြစ်သည်။

သူအုပ်စိုးခဲ့သည့် ဒါဗာအိုမြို့သည် လူဦးရေ ၁ ဒသမ ၄ သန်းရှိပြီး ယနေ့ကာလတွင် အရှေ့တောင်အာရှဒေသ၌ လုံခြုံမှုအရှိဆုံးမြို့ကြီးတစ်မြို့အဖြစ် ရပ်တည်လျက်ရှိလေသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ အကြီးဆုံးမြို့ကြီးဖြစ်သော ဒါဗာအိုမြို့၌ ဥဒဟိုကြီးထွား လာနေသော ခရစ်ယာန်အသိုက်အဝန်းနှင့် အတူယှဉ်တွဲကာ မွတ်စလင်ပြည်သူ ငါး သန်းခန့် နေထိုင်သည်။

